မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်၊ ၂၀၁၀ ခုနှစ်၊ မတ် ၃၀ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၈၁)

ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း မကြာမီ အလုပ်သဘောခရီးလာရောက်မည်

နေပြည်တော် မတ် ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း အလုပ်သဘောခရီး လာရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရအနေဖြင့် ဖွံ့ဖြိုးမှုအခြေခံကောင်းများကို တည်ဆောက်ပေးထား ဒီမိုကရေစီစနစ်ကို သိမ်မွေ့ညင်သာစွာ ကူးပြောင်းနိုင်ရေး မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဖော်ဆောင်နေ ယခုအခါ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကို ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

နိုင်ငံသားတိုင်း ဒို့တာဝန်အရေး(၃)ပါးကို လက်ခံယုံကြည်ပြီး ကာကွယ်စောင့်ရှောက်ကြ

နေပြည်တော် မတ် ၂၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မတ် ၂၈ရက် နံနက် ၉နာရီ ၄၅မိနစ်တွင် ရဟတ်ယာဉ်များဖြင့် နေပြည်တော်မှ ထွက်ခွာခဲ့ပြီး ပဲခူးတိုင်း တောင်ငူမြို့နယ်ရှိ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ဆန်းနှင့် အဖွဲ့ဝင်များ၊ ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တောင်ငူမြို့နယ်ရှိ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၃၀ ရက်)

ဆေးသုတေသနပညာရှင်များ ကြိုးပမ်းစွမ်းဆောင်မှု ကြက်ဥအာနိသင်ဖြင့် မြွေဆိပ်ဖြေဆေး ဖော်ထုတ်နိုင်

သုတေသနလုပ်ငန်းများ၏ သဘောသဘာဝသည် စနစ်တကျလုပ်ဆောင်ရသည့် ဘာသာရပ်များဖြစ်သည်။ ယင်းဘာသာရပ်များထဲမှ လူအများ၏အသက်ကို ကယ်ဆယ်ရသော ဆေးဝါးများ စမ်းသပ်ရသည့် သုတေသနလုပ်ငန်းများ၊ ရောဂါအမျိုးအမည်ကို ရှာဖွေဖော်ထုတ်ရသည့် နည်းပညာများနှင့် ရောဂါကာကွယ်ဆေးများ တီထွင်စမ်းသပ်ဖော်ထုတ်ရသော သုတေသနမျိုးများသည် အချိန်ယူဆောင်ရွက်ရပြီး အရေးကြီးသည့် လုပ်ငန်းများ ဖြစ်ကြသည်။

မြန်မာနိုင်ငံ၌ မြွေဆိပ်ဖြေဆေးကို လွန်ခဲ့သော နှစ်ပေါင်း ၃၀ကျော်ကစပြီး တစိုက်မတ်မတ် စမ်းသပ်ဖော်ထုတ်ခဲ့ရာ မြွေကိုက်ခံရသူ လူနာများအား အရေးပေါ်ပြုစုနည်း၊ မြွေအန္တရာယ် ကာကွယ်နည်း၊ ကိုယ်တွင်းမြွေဆိပ်ပမာဏအား လွယ်ကူစွာ တိုင်းတာနည်း၊ မြွေဆိပ်ဖြေဆေးကို သိုလှောင်သိမ်းဆည်းနည်း၊ မြွေဆိပ်ဖြေဆေးအား ဆိတ်သွေးရည်ကြည်မှ ထုတ်လုပ်သည့်နည်းတို့ကို အောင်မြင်စွာ သုတေသနပြု ဖော်ထုတ်နိုင်ခဲ့ပြီ ဖြစ်သည်။

ကြက်ဥမှထုတ်လုပ်သည့် မြွေဆိပ်ဖြေဆေး သုတေသနပြုခြင်းကိုမူ ၂၀၀၂ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ပြီး ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)အနေဖြင့် အစွမ်းထက်သော အဆိုပါ မြွေဆိပ်ဖြေဆေးကို ကြွက်၊ ယုန်၊ မျောက် တိရစ္ဆာန်များ၌ စမ်းသပ်သုတေသနပြုခဲ့ရာ ဘေးထွက်ဆိုးကျိုးမရှိခဲ့၍ လူတွင် ဆက်လက်စမ်းသပ် သုတေသနပြုနိုင်ခဲ့သည်။

မြန်မာနိုင်ငံ၌ ယခင်က မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းမှ မြွေပွေးအဆိပ်ဖြေဆေးများကို မြင်းမှထုတ်လုပ်ခဲ့ပြီး မြွေပွေးအဆိပ်ဖြေဆေးမှာ အထိရောက်ဆုံးဖြစ်ခဲ့သည်။ သို့သော် မြင်းမှမြွေဆိပ်ဖြေဆေးထုတ်သည့်အခါ မြင်းများ တဖြည်းဖြည်းပိန်၍ ဆုံးပါးသွားပြီး မြင်းမှာတန်ဖိုးလည်း အလွန်မြင့်မားသဖြင့် မွေးမြူရခက်ခဲသောကြောင့် လုံလောက်စွာ မထုတ်လုပ်နိုင်ခဲ့ချေ။

ယခုအခါ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)က ပညာရှင်များ၏ ကြိုးပမ်းမှုကြောင့် ကြက်ဥမှ မြွေဆိပ်ဖြေဆေးကို ထုတ်လုပ်နိုင်ခဲ့ပြီ ဖြစ်သည်။ ယခုထုတ်လုပ်လိုက်သော မြွေဆိပ်ဖြေဆေးမှာ ကုန်ကျစရိတ် အလွန်သက်သာပြီး လုံလောက်စွာ ထုတ်လုပ်နိုင်လျက်ရှိသည်။ ကြက်ဥမှ ထုတ်လုပ်သော မြွေဆိပ်ဖြေဆေးမှာ အာနိသင်ထိရောက်မှု၊ အရည်အသွေးကောင်းမွန်မှု၊ လူနာများအပေါ် အန္တရာယ်ကင်းရှင်းစွာကုသနိုင်မှုတို့ကြောင့် မြွေကိုက်ခံရသူများအတွက် အသက်ကယ်ရေးလုပ်ငန်းမှာ များစွာ ထိရောက်မှုရှိမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဖော်ဆောင်လျက်ရှိရာ ရောဂါကာကွယ်ဆေးများ သုတေသနပြုခြင်း၊ စမ်းသပ်ဖော်ထုတ်ခြင်းများတွင် အောင်မြင်မှုရလဒ်ကောင်းများ တိုးတက်ရရှိလာခြင်းသည် အတတ်ပညာရှင်များ၏ အပတ်တကုတ် ကြိုးပမ်းစွမ်းဆောင်မှုများကြောင့်ပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ အနောက်တောင်တိုင်းစစ်ဌာနချုပ် (၆၅)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

အနောက်တောင်တိုင်းစစ်ဌာနချုပ်

(၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၂၉

အနောက်တောင်တိုင်းစစ်ဌာနချုပ် ၂၀၁၀ခုနှစ် (၆၅)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ် ၂၇ရက် နံနက်ပိုင်းက ပုသိမ်မြို့တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ အရာရှိ၊ စစ်သည်၊ အိမ်ထောင်စုဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အလေးပြု

ရှေးဦးစွာ တိုင်းမှူးသည် စစ်ရေးပြစစ်ကြောင်းများ၏ အလေးပြုခြင်းကို ခံယူပြီး တိုင်းမှူး၊ စစ်ရေးပြစစ်ကြောင်းနှင့် ဧည့်သည်တော်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြ၍ စစ်ရေးပြစစ်ကြောင်းမှ တပ်မတော်သားများသည် သစ္စာ(၄)ချက်ကို ရွတ်ဆိုကြကာ တိုင်းမှူးက (၆၅)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်း ပြောကြားသည်။

ထို့နောက် တိုင်းမှူးက တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ဆုများရရှိကြသော စစ်ရေးပြအဖွဲ့များအား ဂုဏ်ပြုဆုငွေများကို ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

စစ်ရေးပြ အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စစ်တီးဝိုင်းတပ်ခွဲ၏ ပြိုင်ပွဲဝင် သရုပ်ပြတီးမှုတ်ဖျော်ဖြေမှုနှင့် တပ်မတော်နေ့ အထိမ်းအမှတ် အိမ်ထောင်သည်ရဲမေများ၏ စစ်ရေးပြသရုပ်ပြမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဖျက်မီးရန် စဉ်တွန်းလှန်
မြန်ပြည်အေးချမ်းမည်

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၃-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **တုန်လှုပ်ခြင်းနှင့်တည်ငြိမ်ခြင်း** တရားတော် (အင်္ဂပူဆရာတော် အရှင်စက္ကိန္ဒ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၅)
၈:၃၀ Sports World (Nation Cup)
၈:၅၅ မြန်မာနိုင်ငံ ဓာတ်အားပေးခြင်း နှစ်ဦးကာလနှင့် မဟာဓာတ်အားလိုင်းစနစ် ရွှေရတု
၉:၂၀ Activities in the City (တောင်ဒဂုံနိကာယ်စာသင်တိုက်မှ ကလေးအထူးတရားပွဲ)
၉:၃၅ Cartoon Show Time (ASTROBOY)
၁၀:၁၅ မြို့တော်ဘိလပ်မြေစက်ရုံ
၁၀:၄၀ ဒါနနှင့်ယှဉ်ကာ ပီတိဝေဖြာခဲ့ရသော တောင်စွန်းကျေးရွာ
၁၁:၀၅ ဂီတသမားတို့ရဲ့ရင်ခုန်သံများ (Oxygen အဖွဲ့နှင့် တွေ့ဆုံခြင်း)
၁၁:၃၅ ပညာရေးအတွက် ကွန်းခိုရာ ပညာရိပ်ငြိမ်မှာ
၁၁:၄၅ စွမ်းအင်တို့ရဲ့နှိုးစက် (ကခုန်ခြင်းနှင့် အားကစား)
၁၂:၁၀ သင်ကြားရေးလမ်းညွှန် (MBC MANAGEMENT & BUSINESS CARE Software Development Education Centre)
၁၂:၃၀ Activities in the City
- United Pacific Co., Ltd. ၏ မျှော်စင်ကျွန်းဖျော်ဖြေပွဲ
- တောင်ဒဂုံနိကာယ်စာသင်တိုက်မှ ကလေးအထူးတရားပွဲ
၁:၀၀ **တုန်လှုပ်ခြင်းနှင့်တည်ငြိမ်ခြင်း** တရားတော် (အင်္ဂပူဆရာတော် အရှင်စက္ကိန္ဒ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ Fashion Music Festival (We Love You Michael-2)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၅)
၄:၁၅ ဒါနနှင့်ယှဉ်ကာ ပီတိဝေဖြာခဲ့ရသော တောင်စွန်းကျေးရွာ
၄:၄၀ မြို့တော်ဘိလပ်မြေစက်ရုံ
၅:၀၀ မြန်မာနိုင်ငံဓာတ်အားပေးခြင်း နှစ်ဦးကာလနှင့် မဟာဓာတ်အားလိုင်းစနစ် ရွှေရတု
၅:၃၀ Celebrity Style (Cobra & ခင်မဥ္ဇူခိုင်တို့နှင့် တွေ့ဆုံခြင်း)
၆:၀၀ MRTV-4 သတင်း
၆:၂၀ World of Knowledge (Seconds From Disaster Mcltdown in Chernobyl)
၇:၁၀ Fashion Music Festival (We Love You Michael-2)
၈:၀၀ MRTV-4 သတင်း
၈:၃၀ Cartoon Show Time (ASTROBOY)
၉:၁၅ Celebrity Style (Cobra & ခင်မဥ္ဇူခိုင်တို့နှင့် တွေ့ဆုံခြင်း)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၅)
၁၀:၀၀ Sunday Talk
၁၀:၅၀ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (Oxygen အဖွဲ့နှင့်တွေ့ဆုံခြင်း)
၁၁:၁၀ သင်ကြားရေးလမ်းညွှန် (MBC MANAGEMENT & BUSINESS CARE Software Development Education Centre)
၁၁:၃၀ ပုခန်းကြီးရှေးဟောင်း ကျောင်းတော်ကြီး
၁၁:၄၀ Say It in English
၁၁:၅၀ မီးအပူပေးပြုပြင်ခြင်းနည်းပညာ
၁၂:၀၅ ဒစ်ဂျစ်တယ်ကတ္တားအစ စီထွာက
၁၂:၂၅ **ကိုစိန်နှင့် ကိုယ်ဝန်ဆောင်မိခင်** စံလင်း၊ မျောက်ရှုံး၊ အေးအေးခိုင်၊ အေးသီတာ [ဒါရိုက်တာ-အောင်မိုး (ပဲရစ်)]
၁၂:၃၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းနေ မိခင်ဒေါ်အုန်းမြင့် အမှူးထား၍ ဦးသန့်ဇင်-ဒေါ်အေးအေးကြူမိသားစုက လေးထပ်ဘိုးဘွားဆောင်သစ်နှင့် ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးညီညီလွင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ
မကွေးတိုင်း၊ မကွေးမြို့၊ မဟာဝိသုတာရာမတိုက်သစ်ကြီး၏
ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရ
(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏

ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မကွေးတိုင်း၊ မင်းဘူးခရိုင်၊ စကုမြို့နယ်၊ လေးအိမ်တန်းကျေးရွာ၊ ခမည်းတော် ဦးထွန်းကြွယ်၊ မယ်တော်ဒေါ်ပိုးမျှင်တို့မှ ၁၂၈၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ ရက်(တနင်္လာနေ့)ည ၈ နာရီအချိန်တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၇ ခုနှစ် တပို့တွဲလ၌ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ကျွန်းကလေးကျောင်း ဆရာတော် ဘဒ္ဒန္တဝေပုလ္လကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၄ ခုနှစ် နယုန်လပြည့်ကျော် ၆ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၈ နာရီ ၃၀ မိနစ်အချိန်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ စကုမြို့နယ်၊ ဆင်ခေါင်းရွာ၊ ကြို့ယွန်းကျောင်းဆရာတော် အရှင်ရာဇိန္ဒမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မန်းချောင်းခေါ် နမ္မဒါမြစ် ဥဒကုက္ခေပသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် ခြောက်နှစ်သားအရွယ်တွင် ကျွန်းကလေးကျောင်း ဆရာတော် ဦးဝေပုလ္လ၊ ဦးစန္ဒာဝရ၊ ဦးရေဝတတို့ထံတွင် သူငယ်တို့၏ သင်ရိုးပညာရပ်များကို သင်ယူ၍ ၁၂နှစ်သားအရွယ် ရှင်သာမဏေပြုပြီးနောက် ပုဒ်စစ်၊ သုတ်စစ်နှင့်တကွ ကစ္စည်းသဒ္ဒါကြီးကို သုံးခေါက်သင်ယူခဲ့ပါသည်။ ၁၆ နှစ်သားအရွယ်တွင် ရေစကြိုမြို့ အောင်မြေသာယာကျောင်းတိုက်သို့ကြွရောက်၍ စာချဆရာတော်အရှင်သူရိယ၊ အရှင်အာစာရ၊ အရှင်သီလဝန္တတို့ထံ၌ သဒ္ဒါ၊ သင်္ဂဟ၊ ဋီကာကျော်၊ ရူပသိဒ္ဓိ၊ အဘိဓမ္မာ ညဝါစသော ပိဋကတ်အခြေခံကျမ်းဂန်များကို သင်ကြားဆည်းပူးတော်မူခဲ့ပါသည်။ ၁၃၁၀ ပြည့်နှစ် တပေါင်းလတွင် မကွေးမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အရှင်နာရဒ၊ အရှင်ပဒုမာဘိဝံသ၊ အရှင်ဝါယမ၊ အရှင်ဝိသောဘဏတို့ထံ၌ နိကာယ်ငါးရပ်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့ကို သင်ကြားဆည်းပူးတော်မူခဲ့ပါသည်။ ၁၃၁၂ ခုနှစ်တွင် မန္တလေးမြို့ မစိုးရိမ်ဆရာတော် အရှင်သူရိယာဘိဝံသ၊ မဟာဝေယံဘုံသာတိုက် အရှင်ကလျာဏ ဘုရားကြီးတိုက်အရှင်နာရဒ၊ အရှင်ဥက္ကံသတို့ထံ၌ အထက်တန်းပိဋကတ်ကျမ်းစာများကို သင်ကြားဆည်းပူးတော်မူခဲ့၍ ၁၃၁၄ခုနယုန်လတွင် ကျင်းပသောစာချတန်းစာမေးပွဲ၌ ကျမ်း (၉)ကျမ်းလုံးကို နှစ်ချင်းပေါက် အောင်မြင်တော်မူသောကြောင့် သာသနဓဇသိရီပဝရဓမ္မာစရိယသိရောမဏိ ဘွဲ့တံဆိပ် ရရှိတော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၁၄ခုနှစ် နတ်တော်လ၌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော်ကြီးများက ဆရာတော်အား ဂန္ထဝါစကစာချအဖြစ် ချီးမြှောက်တော်မူကြ၍ စာသင်ရှင်ရဟန်းတို့အား ငယ်၊ လတ်၊ ကြီး ဓမ္မာစရိယတန်းစာဝါများနှင့် နိကာယ်ငါးရပ် ပါဠိတော် အဋ္ဌကထာဋီကာ ကျမ်းဂန်များကို ပို့ချတော်မူခဲ့ပါသည်။ လူသေလူဖြစ်ဝါဒါနုဝါဒ ဝိနိစ္ဆယထေရဝါဒ စွယ်စုံကျမ်းကြီးကို ပြုစုရာ၌ အခန်းပေါင်းများစွာ ပါဝင်ရေးသားတော်မူခဲ့ပါသည်။ ထို့ပြင် ဥပသကာဂုဏ် သိဖွယ်စုံ တရားတော်၊ ယမိုက်၊ ညဝါချုနည်း နိဿရည်း (ခေါ်)ယမကအလင်းပြကျမ်း တို့ကိုလည်း ရေးသားပြုစုခဲ့ပါသည်။ ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာမဟာဓမ္မသဘင်၌ ပါဠိဝိသောဓက ဓမ္မသင်္ဂါဟ ပါဠိဘာဏက သင်္ဂီတိကာရကအဖြစ်လည်းကောင်း၊ မြသလွန်စေတီယ ဘဏ္ဍာဂါရိကအဖွဲ့၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ ပခုက္ကူ ဂဏဝါစကနိကာယကြီး၏ ဂဏအနုဝိနာယက၊ သမ္မုတိဂဏမဟာဝိနာယက အဖြစ်လည်းကောင်း ပထမအကြိမ်မှစ၍ ဆဋ္ဌအကြိမ်အထိ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်နှင့် နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင်၊ အကျိုးတော်ဆောင်အဖြစ်ဆောင်ရွက်တော်မူခဲ့ပြီး ဆဋ္ဌအကြိမ် ၂၀၀၇ခုနှစ်မှစ၍ ၂၀၁၀ခုနှစ်အထိ နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌဆရာတော်အဖြစ် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ၊ သိက္ခာကာမစသော ဂုဏ်တို့နှင့်ပြည့်စုံတော်မူသော ဆရာတော်အား နိုင်ငံတော်အစိုးရက (၁၃၅၈)ခုနှစ်၊ ၁၉၉၇ ခုနှစ်တွင် **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက** ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ (၁၃၅၉)ခုနှစ်၊ ၁၉၉၈ခုနှစ်တွင် **အဘိဓဇမဟာရဋ္ဌဂုရု** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါအရ ၁၃၇၁ခုနှစ်၊ တန်ခူးလဆန်း ၁၅ရက်၊ ၂၀၁၀ခုနှစ်၊ မတ်လ ၂၉ရက်(တနင်္လာနေ့)၊ မွန်းလွဲ ၁နာရီ ၄၅မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ကြီး ပျံလွန်တော်မူ

နေပြည်တော် မတ် ၂၉

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မကွေးတိုင်း၊ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ကြီး သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါရှိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရသည် (၁၃၇၁ ခုနှစ် တန်ခူးလဆန်း၁၅ရက်) မတ်၂၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

စံပြအမက(၁၃) တောင်ဥက္ကလာပ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၉

ယခင်စံပြအမက(၁၃) (၁၁)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်၏ စတုတ္ထအကြိမ်မြောက် စုပေါင်းအာစရိယပူဇော်ပွဲကို ဧပြီ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ ၁၉၆၂ ခုနှစ်မှ တာဝန်ထမ်းဆောင်ခဲ့သော အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် ရပ်နီးရပ်ဝေးမှ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်ဖြစ်သည်။

ဆရာကန်တော့ပွဲအတွက် ဆက်သွယ်လှူဒါန်းလိုပါက ကျောင်းဖုန်း-၅၇၈၀၄၅၊ ကိုဂျော့တင်မောင် ဖုန်း-၀၉-၅၀၅၁၅၈၄၊ ကိုမိုးကျော်အောင် ဖုန်း-၀၉-၅၁၉၆၅၈၁၊ ကိုခင်ဌေး(မင်းစိတ်ကြိုက်)ဖုန်း-၅၇၇၂၁၂ နှင့် မလွင်လွင်သိန်း ဖုန်း-၀၉-၅၀၇၁၀၀၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့် စတင်လျှောက်ထား

နေပြည်တော် မတ် ၂၉

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၄/၈၈)အရ တည်ရှိနေသော ပါတီများအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီသည် ၂၀၁၀ ခုနှစ် မတ် (၂၉)ရက်တွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့် လာရောက်လျှောက်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မတ် ၂၉ရက်က ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့ ဧည့်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာသော ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်အား ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး **Major General Anup Kumar Chakma, ndc, psc** က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်ရေး ပုလဲမြို့နယ်၌ ဆွေးနွေး

ရန်ကုန် မတ် ၂၉

မုံရွာခရိုင် ပုလဲမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး ကြီးကြပ်မှုကော်မတီ အစည်းအဝေးကို မတ် ၁၀ရက်က ပုလဲမြို့နယ် ပုလဲရတနာခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ကျေးရွာတိုင်းတွင် မီးဘေးလုံခြုံရေးစီမံချက်များ ရေးဆွဲ၍ စည်းကမ်းအတိုင်း မီးသုံးစွဲရေး၊ မီးလောင်မှု မဖြစ်ပွားရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှူး ဦးမြင့်ဝေက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ထားရှိရမည့် ပစ္စည်းများ ပြည့်စုံကောင်းမွန်စွာထားရှိရေးနှင့် မီးလောင်မှုဖြစ်ပွားပါက ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခရမ်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

နေပြည်တော် မတ် ၂၉

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲ ဂုဏ်ပြုပွဲအခမ်းအနားကို ဧပြီ ၄ ရက်တွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သို့ဖြစ်၍ အသင်းအမှုဆောင်များနှင့်အသင်းသား အသင်းသူများ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဧပြီ ၄ရက် နံနက် ၁၁ နာရီအရောက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဘုရင့်နောင်လမ်းနှင့် ဆေးဝါးစက်ရုံလမ်းထောင့် အနောက်ကြို့ကုန်း အင်းစိန်မြို့နယ် ရန်ကုန်သို့ ကြွရောက်ကြရန် အမှုဆောင်အဖွဲ့က နိုးဆော်ထားပြီး အခမ်းအနား တက်ရောက်သူများအားလုံးအား နံနက်စာဖြင့် တည်ခင်းဧည့်ခံမည်ဟု သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၀-၃-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၃၀ ၈။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃:၃၀ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် (နေပြည်တော် F.C နှင့် ကမ္ဘောဇ F.C)
- ၅:၀၀ ၂။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၅:၁၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
- ၅:၂၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၃၀ ၅။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၅:၄၅ ၆။ (၆၅)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၀၀ ၇။ ညနေခင်းသတင်း
- ၆:၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၉။ **ကြယ်ပွင့်များရဲ့ ရင်ခုန်သံ**
- ၆:၄၀ ၁၀။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၁၀)
- ၈:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနုနု** (အပိုင်း-၄)
- ၁၆။ **ရုပ်ရှင်ပဟေဠိ**

အထက်ပိုင်းဒေသများ၌ မိုးဆက်လက်ရွာနိုင်

နေပြည်တော် မတ် ၂၉

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၁၀ ဒီဂရီစင်တီဂရိတ်လျော့နည်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပေါင်မြို့တွင် ၁ဒသမ ၅၇လက်မ၊ မော်လိုက်မြို့တွင် ၁ ဒသမ၂၆လက်မ၊ ဟားခါးမြို့တွင် ၁ဒသမ ၀၂လက်မ၊ ဖလမ်းမြို့တွင် ၀ဒသမ ၉၀လက်မ၊ ပူတာအိုမြို့နှင့် မချမ်းဘောမြို့တို့တွင် ၀ ဒသမ ၅၉ လက်မစီ၊ မင်းကင်းမြို့တွင် ၁ဒသမ ၅၁လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မတ် ၃၀ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည့် နာနို မော်တော်ကား ပြပွဲကို မတ် ၂၈ ရက်က တွေ့ရစဉ်။

(အင်တာနက် ဓာတ်ပုံ)

ကန် နိုင်ငံခြားရေးဝန်ကြီး ပြည်တွင်းရေး၌ ဝင်ရောက်စွက်ဖက်နေ

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ် ဝေဖန်ပြောကြား

ကရာကတ်စ် မတ် ၂၉

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်သည် ဗင်နီဇွဲလားနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေသည်ဟု ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်ကစွပ်စွဲလိုက်ပြီး ဟီလာရီကလင်တန်မှာ အတွေးအခေါ် အားဖြင့် ခေတ်နောက်ကျနေပြီဟု မတ်၂၈ရက်၌ ဝေဖန်ပြောကြားလိုက်သည်။

အမေရိကန်နိုင်ငံက ဤအမေရိကတိုက်ကို ပိုင်ဆိုင်သူအဖြစ် ဝန်ကြီးဟီလာရီကလင်တန်က ထင်မှတ်နေဆဲဖြစ်သည်ဟုလည်း သမ္မတချာဗက်ဇ်က ဝေဖန်ပြောကြားသည်။

ရုပ်မြင်သံကြားဌာနပိုင်ရှင် ဂူလာမိုဇူလိုဂါအား ဗင်နီဇွဲလားအစိုးရက ဖမ်းဆီးမှုကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီက ဝေဖန်ပြီးနောက် ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်က အထက်ပါအတိုင်း ဝေဖန်လိုက်ခြင်းဖြစ်သည်။ **(အင်တာနက်)**

တောင်ကိုရီးယား ရေတပ်သင်္ဘောနစ်မြုပ်မှု ကုလသမဂ္ဂမှ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

ဂျီနီဗာ မတ် ၂၉

ကိုရီးယားကျွန်းဆွယ် အနောက်ဘက်ကမ်းလွန်ဒေသ၌ မတ်၂၇ရက်က တောင်ကိုရီးယားရေတပ် ကင်းလှည့်သင်္ဘောတစ်စင်း နစ်မြုပ်သွားခဲ့သည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက သင်္ဘောပေါ်တွင်လိုက်ပါလာသည့် သင်္ဘောသားများအနက် သေဆုံးသူများ၏ မိသားစုများထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာကို မတ် ၂၇ရက်က ပေးပို့လိုက်ကြောင်း၊ နစ်မြုပ်သွားသည့် အဆိုပါ တောင်ကိုရီးယား ရေတပ်ကင်းလှည့်သင်္ဘောတွင် သင်္ဘောသား၁၀၅ဦးလိုက်ပါသွားသည့်အနက် ၄၆ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သတင်းရရှိသည်။

ဝမ်းနည်း

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် သေဆုံးသွားသူများ၏ မိသားစုများအပါအဝင် ကိုရီးယားသမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ပေးပို့ခဲ့သည်။ ပျောက်ဆုံးသွားသည့် သင်္ဘောသားများအားရှာဖွေရန် ကယ်ဆယ် ရေးလုပ်ငန်းများကို ပြုလုပ်နေကြောင်း တောင်ကိုရီးယား ယွန်ဟတ်သတင်းဌာနက ဖော်ပြသည်။ **(အင်တာနက်)**

ဒုံးပျံကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု ရုရှားပါဝင်သင့်ဟု နေတိုးပြောကြား

ဘရပ်ဆဲလ် မတ် ၂၉

မြောက်အတ္တလန္တိတ်စစ်စာချုပ် (နေတိုး)အဖွဲ့ဝင်နိုင်ငံများ နိုဝင်ဘာလတွင်ကျင်းပမည့် နေတိုးထိပ်သီးညီလာခံ၌ ရုရှားနိုင်ငံပါဝင် တက်ရောက်ပြီး ဒုံးပျံကာကွယ်ရေးစနစ်ကို သဘောတူညီသင့်သည်ဟု နေတိုးအတွင်းရေးမှူးချုပ် ရက်စမူဆင်က မတ် ၂၈ရက်၌ ပြောကြားသည်။

နေတိုးအတွင်းရေးမှူးချုပ်က ပဉ္စမအကြိမ် ဘရပ်ဆဲလ်ဖိုရမ်၌ မိန့်ခွန်းပြောကြားစဉ် ယင်းကဲ့သို့ ထည့်သွင်းမေတ္တာရပ်ခံသွားခြင်းဖြစ်သည်။

ရှာဖွေ

မိမိတို့ပြည်သူများအတွက်ရော ၎င်းတို့နယ်မြေများအတွက်ပါ ဒုံးပျံကာကွယ်ရေးစနစ်သည် မဟာမိတ်တို့ ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်း၊ ယင်းဒုံးပျံကာကွယ်ရေးစနစ် ဆွေးနွေးပွဲတွင် ရုရှားနှင့်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကို ရှာဖွေသွားကြလိမ့်မည်ဟု နေတိုးအတွင်းရေးမှူးချုပ်က ဆက်လက်ပြောကြားသည်။

ကာကွယ်ပေး

လုံခြုံရေး အမိုးအကာတစ်ခုတည်းအောက်တွင် မိမိတို့အချင်းချင်း ရိုင်းပင်းကူညီရမည်ဖြစ်ပြီး အချင်းချင်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အမိုးအကာတစ်ခုတည်းထားရှိခြင်းဖြင့် ကျွန်ုပ်တို့အားလုံးကို ကာကွယ်ပေးသွားနိုင်မည်ဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားသွားသည်။ **(အင်တာနက်)**

တောမီးလောင်

ဗင်နီဇွဲလားနိုင်ငံ ကရာကတ်စ်မြို့ ဝါရိန်ရာ ရီပန်နီဒေသ၌ တောမီးလောင်မှုဖြစ်ပွားရာ ရဟတ်ယာဉ်ဖြင့် မီးငြိမ်းသတ်နေသည်ကို မတ်၂၈ရက်ကတွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

မောင်းသူမဲ့လေယာဉ်

အမေရိကန်နိုင်ငံမှထုတ်လုပ်သည့် မောင်းသူမဲ့လေယာဉ်ကို မတ် ၂၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးလှုပ်ရှားမှု အာရှ-ပစိဖိတ်နိုင်ငံ အများအပြားပါဝင်

ဟောင်ကောင် မတ် ၂၉

အာရှ-ပစိဖိတ်နိုင်ငံနှင့် ဒေသအများအပြားမှပြည်သူများသည် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေး ကတိပြုချက်ကို အလေးအနက်ထားသည့်အနေဖြင့် ယင်းတို့၏လျှပ်စစ်မီးများကို တစ်နာရီကြာမှိတ်ထားကာ တစ်ကမ္ဘာလုံးလှုပ်ရှားမှုကို မတ် ၂၇ရက်က ပါဝင်ခဲ့ကြသည်။

ပါဝင်

အဆိုပါလှုပ်ရှားမှုတွင် နယူးဇီလန်နှင့် ဩစတြေးလျတို့အပြင် ဘရာဇီး၊ အမေရိကန်နိုင်ငံများသာမက ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် အိန္ဒိယတို့မှ ပြည်သူများလည်း ပါဝင်ခဲ့ကြသည်။

ယင်းလှုပ်ရှားမှုတွင် တစ်ကမ္ဘာလုံးမှနိုင်ငံအများအပြားက စံချိန်တင်လောက်အောင် ပါဝင်ခဲ့ကြကြောင်း၊ နိုင်ငံစုစုပေါင်း ၁၂၆နိုင်ငံပါဝင်ခဲ့ကြကြောင်း၊ ယင်းအစီအစဉ်ကို ၂၀၀၇ခုနှစ်မှ စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆစ်ဒနီမြို့တွင် လူပေါင်း ၂ဒသမ ၂သန်း ပါဝင်ခဲ့ပြီး စီးပွားရေးလုပ်ငန်း ၂၁၀၀လည်းပါဝင်ကာ စတင်လှုပ်ရှားခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နှင့် တောင်ကိုရီးယားဆက်ဆံရေးတိုးတက် နှစ်နိုင်ငံစစ်ရေးဆက်ဆံမှုလည်း ကောင်းမွန်နေ

ပေကျင်း မတ် ၂၉

တရုတ်ကာကွယ်ရေးဝန်ကြီး လီယန်ကွန်လီသည် အသစ်ခန့်အပ်လိုက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ တောင်ကိုရီးယားသံအမတ်ကြီး ယူဂူအိုက်နှင့် မတ် ၂၇ရက်က ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးသည်။

နှစ်နိုင်ငံစစ်ရေး

တရုတ်နှင့် တောင်ကိုရီးယားတို့သည် ၁၉၉၂ခုနှစ်တွင် နှစ်နိုင်ငံသံတမန်ဆက်သွယ်မှုများ ပြုလုပ်ခဲ့ချိန်မှစပြီး နှစ်နိုင်ငံဆက်ဆံရေး လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း တရုတ် ကာကွယ်ရေးဝန်ကြီးကပြောကြားလိုက်ပြီး နှစ်နိုင်ငံစစ်ရေးအရဆက်ဆံမှုသည် တိုးတက်ကောင်းမွန်လာကြောင်း ချီးကျူးပြောကြားသည်။

တိုးတက်ကောင်းမွန်

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် တောင်ကိုရီးယားနှင့် နိုင်ငံချင်းဆက်ဆံမှုအရသော်လည်းကောင်း၊ စစ်ဘက်ဆိုင်ရာဆက်ဆံရေးအရသော်လည်းကောင်း ပို၍တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားလိုကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၂၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

၂၀၁၁ နီပေါခရီးသွားနှစ် မီးပုံးပျံလွှတ်တင်ပွဲ ကျင်းပမည်

ခတ္တမန္ဒူ မတ် ၂၉

နီပေါနိုင်ငံ၌ ၂၀၁၁ ခရီးသွားနှစ်အောင်မြင်ရေးရည်မှန်းချက်ဖြင့် မီးပုံးပျံလွှတ်တင်ပွဲကို ဧပြီလပထမပတ်မှစတင်၍ တာရာလေကြောင်းလုပ်ငန်းက တာဝန်ယူကျင်းပမည်ဖြစ်သည်။

နီပေါနိုင်ငံအနောက်ပိုင်းတွင် ထင်ရှားသည့် ခရီးသွားမြို့တော် ပေါ့ခ်ဟာရာမြို့မှ မီးပုံးပျံ စတင်လွှတ်တင်မည်ဖြစ်ပြီး မီးပုံးပျံတစ်ကြိမ်လွှတ်တင်လျှင် ခြောက်ဦး စီးနင်းလိုက်ပါနိုင်ကြောင်း နီပေါနယူးစ်ဝက်ဘ်ဆိုက်၌ မတ်၂၇ရက်က သတင်းထုတ်ပြန်သည်။ ယင်းမီးပုံးပျံလွှတ်တင်ပွဲကို နံနက်စောစောတွင် စတင်မည်ဖြစ်ပြီး နီပေါနိုင်ငံရှိ အန်ပူရာနာတောင်၊ ဒေါလာဂီရိတောင်နှင့် လမ်ဂျန်းတောင်တန်းရှုခင်းများကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း တာရာလေကြောင်းမှ တာဝန်ရှိသူက ပြောကြားသည်။

ယှဉ်ပြိုင်မည်

အဆိုပါပွဲတော်သို့ ဩစတြီးယားနိုင်ငံမှ လေယာဉ်မှူး၂၆ဦးနှင့်အဖွဲ့သားများက အရွယ်အစားကွဲပြားသည့် မီးပုံးပျံ ခြောက်ခုဖြင့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်၌သေဆုံးသည့်ကန်တပ်ဖွဲ့ဝင်ဦးရေ ၂၀၁၀ခုနှစ် ပထမသုံးလတွင် နှစ်ဆပိုများ

ကဘူးလ် မတ် ၂၉

အာဖဂန်နစ္စတန်နိုင်ငံ၌ ၂၀၁၀ခုနှစ် ပထမသုံးလပတ်အတွင်း သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ယမန်နှစ် ထိုကာလကထက် ပျမ်းမျှ နှစ်ဆပိုများလာကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

သေဆုံးသူ

အမေရိကန်စစ်ဌာနချုပ်၏ စာရင်းများအရ ၂၀၀၉ခုနှစ် ပထမသုံးလပတ်အတွင်း သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၁ဦးသာရှိသော်လည်း၂၀၁၀ခုနှစ် ပထမသုံးလပတ်အတွင်း သေဆုံးသူပေါင်း၇၇ဦးရှိသွားပြီဖြစ်ကြောင်း အေပီသတင်းတွင် မတ်၂၇ရက်က ဖော်ပြထားသည်။ **(အင်တာနက်)**

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

သမိုင်းအတင်မခံရသည့်စစ်ပြန်များ

တိုး
ရေးသားသည်

သမိုင်းတွင် ကမ္ဘာစစ်ကြီးနှစ်ကြိမ် ကြုံခဲ့ရသည်။ ၁၉၄၅ခုနှစ် စက်တင်ဘာလ ၂ရက်တွင် ပြီးဆုံးသွားသော ဒုတိယကမ္ဘာစစ်ကြီးမှာ ၁၉၃၉ခုနှစ် စက်တင်ဘာလ ၁ရက်တွင် နာဇီဂျာမနီက ပိုလန်နိုင်ငံကိုကျူးကျော်ပြီး ဗြိတိန်နှင့်ပြင်သစ်အပါအဝင် မဟာမိတ်နိုင်ငံများက ဂျာမနီကို စစ်ကြေညာလိုက်သည့်အခါတွင် စတင်ဖြစ်ပွားခဲ့ရသည်။

ခြောက်နှစ်ကြာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် ဆိုဗီယက်ပြည်ထောင်စုမှ သေဆုံးသူစစ်သည် ၁၃၆၀၀၀၀၀၊ အရပ်သား ၇၇၀၀၀၀၀ စုစုပေါင်းလူဦးရေ ၂၁၃၀၀၀၀၀၊ တရုတ်ပြည်မှသေဆုံးသူစစ်သည် ၁၃၂၄၀၀၀၊ အရပ်သား ၁၀၀၀၀၀၀၀ စုစုပေါင်းလူဦးရေ ၁၁၃၂၄၀၀၀၊ ဂျာမနီနိုင်ငံမှ သေဆုံးသူစစ်သည် ၃၂၅၀၀၀၀၊ အရပ်သား ၃၈၁၀၀၀၀ သေဆုံးခဲ့ရပြီး ပိုလန်၊ ဂျပန်၊ ယူဂိုဆလပ်၊ ရိုမေးနီးယား၊ ပြင်သစ်၊ ဟန်ဂေရီ၊ သြစတြီးယား၊ ဂရိ၊ အမေရိကန်၊အီတလီ၊ ချက်ကိုဆလိုဗက်ကီးယား၊ ဂရိတ်ဗြိတိန်၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ ဖင်လန်၊ ကနေဒါ၊ အိန္ဒိယ၊ သြစတြေးလျ၊

အယ်ဘေးနီးယား၊စပိန်၊ ဘူလ်ဂေးရီးယား၊ နယူးဇီလန်၊ နော်ဝေ၊ တောင်အာဖရိက၊ လူဇင်ဘတ်နှင့် ဒိန်းမတ် အစရှိသော နိုင်ငံများမှ စစ်ဘက်၊ အရပ်ဘက် သေဆုံးသူ စုစုပေါင်းလျှင် လူ့အသက်ပေါင်း ၅၆၁၂၅၂၆၂ ဦး စတေးခဲ့ရသည်ကို တွေ့ရသည်။

ဂုဏ်ပြုကြိုဆို

မဟာမိတ်နိုင်ငံများက ဝင်ရိုးတန်းနိုင်ငံများအပေါ် အောင်ပွဲခံ အနိုင်ရလိုက်သောအခါ တိုက်ပွဲတွင်မသေဘဲ ကျန်ရစ်ခဲ့သော အောင်ပွဲခံ မဟာမိတ်စစ်ပြန်ကြီးများကို ဂုဏ်ပြုကြိုဆိုကာ သမိုင်းမှတ်တမ်းတင်ခဲ့သည်။

ကမ္ဘာ့ပြည်သူတို့ ရင်ဆိုင်ဖြတ်သန်းခဲ့ရသည့် ဒုတိယကမ္ဘာစစ်ကြီးမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ကျော် ကာလကဖြစ်ရပ်တစ်ခု ဖြစ်သည်။ အနိဋ္ဌာရုံတစ်ခုဖြစ်ပါသည်။ စစ်ပြန်ကြီးများဆိုလျှင် စစ်ထဲသို့ အသက် ၁၅နှစ်သားက ဝင်ခဲ့သည်ထားဦး ယခုရှိနေသေးလျှင် အသက် ၈၅ နှစ်နှင့် အထက် ဖြစ်ပေလိမ့်မည်။

အံ့သြစရာ

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ပင်ပန်းကြီးစွာ တိုက်ပွဲများဝင်ခဲ့ရာမှ အသက်မသေဌာနေသို့ပြန်အလာ အောင်ပွဲခံ စစ်ပြန်များအဖြစ် ဂုဏ်ပြုချီးကျူးသမိုင်းအတင်မခံရသည့် စစ်သည်များရှိနေသည်မှာအံ့သြ စရာပင်။ ထိုသို့သော စစ်သည်များမှာ အရေအတွက်အားဖြင့်လည်း တစ်သန်းကျော် တိတိကျကျဆိုရလျှင် ၁၃၅၅၃၄၇ဦး ရှိသည်ကို တွေ့ရသည်။ ထိုစစ်ပြန်ကြီးများမှာ အာဖရိကတိုက်သားများပင် ဖြစ်သည်။

၎င်းအာဖရိက စစ်ပြန်ကြီးများသည် မြောက်အာဖရိက၏ သဲကန္တာရများ၌လည်းကောင်း၊ မြန်မာနိုင်ငံ၏ တောကြီးမျက်မည်းနှင့် မြန်မာ့လေ ပိုင်နက်၌လည်းကောင်း သက်စွန့်ဆံဖျား တိုက်ခဲ့၊ ခိုက်ခဲ့သူများဖြစ်သည်။ ထိုစစ်သည်များသည် ယခုအခါ ဆင်းဆင်းရဲရဲဖြင့် အရေအတွက်အနည်းငယ်မျှသာ သက်ရှိထင်ရှား ရှိတော့သည်။ ဂုဏ်ပြုမှတ်တမ်းတင် မခံရသဖြင့် အချို့ ဆိုလျှင် အကြီးအကျယ် ဘဝင်မကျ ဖြစ်ကြရသည်ဟု သိရသည်။

ဒုတိယကမ္ဘာစစ်ကြီးမှာ ၁၉၃၉ခုနှစ်တွင် တရားဝင်စတင်သည်ဆိုသော်လည်း အာဖရိကတိုက်တွင် ဒုတိယကမ္ဘာစစ်ကြီး စတင်ခဲ့သည်မှာ ၁၉၃၅ခုနှစ်က ဖြစ်သည်။ ဖက်ဆစ်အီတလီတပ်များသည် အီရီထရီးယား လက်အောက်ခံတပ်များ၏ အကူအညီဖြင့် အီသီယိုးပီးယားနိုင်ငံကို ကျူးကျော် ဝင်ရောက်သည်။ အီသီယိုးပီးယားဘုရင် ဟေးဆီလက်ဆီမှာ ဗြိတိန်နိုင်ငံသို့ ထွက်ပြေးခဲ့ရသည်။ သို့သော် အီသီယိုးပီးယား မျိုးချစ်ပုဂ္ဂိုလ်များက အီတလီကျူးကျော်ရေးသမားများအား ပြောက်ကျားစစ်ဖြင့် တွန်းလှန်တိုက်ခိုက်သည်။

နာဇီဂျာမနီခေါင်းဆောင် ဟစ်တလာ၏ မိန်းကင့်စာအုပ်ကိုဖတ်ပြီး ဗြိတိန်ဘုရင့်လေတပ်သို့ ဂျွန်ဟင်နရီစမီသီ (ဆီရာလီယွန်းနိုင်ငံသား) ဝင်ရောက်သည်များ ရှိသလို စစ်ထဲသို့ အာဖရိကတိုက်သားများအား အဓမ္မ ဆွဲသွင်းသည်များလည်း ရှိသည်။ သို့ဖြင့် ဒုတိယကမ္ဘာစစ်ကြီးတွင် အာဖရိကတိုက်သား လူမည်းများအကြောင်းကြောင်းဖြင့် ပါဝင်လာခဲ့သည်။

ကန့်ကွက်

သို့သော် စစ်ထဲရောက်သည်နှင့် တစ်ပြိုင်နက် အသားအရောင် ခွဲခြားဆက်ဆံမှုကို သူတို့တစ်တွေ ခံစားကြရသည်။

ဒုတိယကမ္ဘာစစ်အတွင်း မြန်မာ့စစ်မြေပြင်ရောက် တပ်သားကြီး အာဖရိကန် ဘနားနား။

ပထမတွင် အသားအရောင် ခွဲခြားဆက်ဆံမှုကို ကန့်ကွက်ကြပါသေး၏။ သို့သော် စစ်အတွင်း၌ ထိုသို့ကန့်ကွက်ချိန်မရ၊ ရန်သူကို ခေါင်းမဖော်နိုင်အောင် တိုက်ကြခိုက်ကြရသည်ဆို၏။ အာဖရိကတိုက်သားများမှာ စစ်အတွင်းတွင် ယာဉ်မောင်း၊ အမြောက်တပ်သား၊ အင်ဂျင်နီယာတပ်သား၊ ဆေးတပ်သား၊ စာရေးစာချီနှင့်တကွ ခြေလျင်တပ်သား၊ အထမ်းသမားစသဖြင့် တာဝန်ထမ်းဆောင်ကြရသည်။ အရာရှိရာထူးများမှာ မျက်နှာဖြူများအတွက် သီးသန့်ခန့်ထားသည်။ ခြွင်းချက်ဆိုလို့ ဂိုးလ်ကို့စ်မှ ဗိုလ်ဆက်အင်သိုနီ တစ်ဦးသာလျှင် ဗြိတိန်စစ်တပ်တွင် ပထမဆုံးအာဖရိကလူမည်း အရာရှိအဖြစ် ရရှိခြင်းဖြစ်သည်။

> **စစ်ပြန်ကြီးများ**
>
> **ဒုတိယကမ္ဘာစစ်ကြီး အပြီး ဗြိတိသျှတို့ အသိအမှတ်ပြု မခံရသည့် အာဖရိကလူမည်း စစ်ပြန်ကြီးအချို့။**

ချေဖျက်

ရာထူးဂုဏ်သိမ် အဆင့်ဆင့်ခြားထားသော်လည်း မြန်မာပြည်တွင်းတိုက်ပွဲက လူမျိုးရေးခွဲခြားမှု၊ အသားအရောင် ခွဲခြားမှုကို အထိုက်အလျောက် ချေဖျက်ပစ်နိုင်သည်ဟု ဆိုရမည်ဖြစ်သည်။

ခြေလျင်တပ်သားဟောင်း ဒေါ်ဒါကဖန်ချန်က ရှေးဖြစ်ဟောင်းကို ပြန်ပြောင်းပြောဆိုရာ၌ ပထမတော့ မျက်နှာဖြူတစ်ဦးဦးကိုတွေ့ရင် ကိုယ့်ထက်သာတာတွေရှိမယ်လို့ ထင်ခဲ့တာဗျ၊ ဒါပေမယ့် စစ်လည်းပြီးရော မျက်နှာဖြူရော၊ လူမည်းရော အတူတူပါပဲလို့ သဘောပေါက်သွားပါတယ်ဟူ၍ သူ့အမြင်ကို ရှင်းပြလိုက်သည်။

ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံ စစ်မြေပြင်သို့ ရောက်လာသူများအနက် အခြားသူတစ်ဦးမှာ မိုဟာမက်ပင် ဖြစ်သည်။ သူ့အသက် ဆယ်ကျော်သက်တွင် နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းရှိ ဗြိတိန်စစ်တပ်အတွင်း အဓမ္မခေါ်ယူ စစ်မှုထမ်းရသူဖြစ်သည်။ ယခုအခါ စစ်ပြန်ကြီးဘဝဖြင့် အသက်ရှင်လျက်ရှိပြီး စစ်ထဲဝင်ရစဉ်က သူ့ဓာတ်လမ်းကို မြှုပ်ထားသူဖြစ်သည်။ သူ့ကို စစ်သားကြီး အာဖရိက ဘနားနားဟု ခေါ်ကြသည်။ သူ့ဌာနေမှ မိုင်ပေါင်း ၆၃၀၀ဝေးကွာသည့် မြန်မာနိုင်ငံ တောကြီးမျက်မည်းအတွင်းသို့ ဗြိတိန်တော်ဝင် အနောက်အာဖရိက ရှေ့တန်းတပ်နှင့်အတူ ရောက်လာသူဖြစ်သည်။ အာရှတိုက်အတွင်း မဟာမိတ်တပ်များ၏ စွမ်းဆောင်မှုတွင် အာဖရိကလူမည်း တပ်ဖွဲ့ဝင်များ၏ အခန်းကဏ္ဍကို တရားဝင်ထုတ်ဖော်ပြောဆိုမှုပင်မပြု။ အချို့ဆိုလျှင် ကိုယ့်ဓာတ်လမ်းကိုယ် ပြောခွင့်ပင် မကြုံကြရပေ။ အမှန်စင်စစ် မြန်မာနိုင်ငံအတွင်း တိုက်ခိုက်ခဲ့ကြသည့် မဟာမိတ်စစ်သား ၁၀ဦးလျှင် နှစ်ဦးခန့်သာလျှင် မျက်နှာဖြူများဖြစ်သည်။ တိုက်ခိုက်ရေးနှင့်ပတ်သက်၍

အီတလီကျူးကျော်သူများကို တွန်းလှန်ရန် အသက်(၁၅)နှစ်အရွယ်တွင် အိမ်မှထွက်ခွာပြီး ပြောက်ကျားစစ်ဆင်ရေး စည်းရုံးအကောင်အထည်ဖော်သူ ဂျာဂါမာကဲလို (အလယ်ပုံ)။

အိန္ဒိယနှင့် ဂေါ်ရခါးတပ်သားများ၏ အခန်းကဏ္ဍကိုသာ လူသိများ ထင်ပေါ်နေသည်။ မဟာမိတ်တပ်များ၏ စစ်ဦးစီးမှူး ဗိုလ်ချုပ်ကြီး ဝီလျံစလင်းက စစ်ပွဲကြီးအပြီး သူ၏အမှတ်(၁၄) တပ်မတော်ကို ကျေးဇူးတင်စကားပြောကြားရာ၌ အာဖရိကလူမည်းတပ်များကို စကားထဲပင်ထည့်မပြောခဲ့။

ဗြိတိသျှတပ်မတော်၏ အမှတ်(၈၁)နှင့်အမှတ်(၈၂)တပ်မများ၏ လက်အောက်ခံတပ်အဖြစ် ၁၉၄၃ခုနှစ်နောက်ပိုင်း အရှေ့တောင်အာရှ၌ ဖြန့်ကြက်သည့် အနောက်အာဖရိကတပ်ရင်းတွင် တပ်သား ၉၀၀၀၀ ရှိသည့်အနက် ထက်ဝက်ကျော်မှာ နိုင်ဂျီးရီးယားနိုင်ငံသားများပင် ဖြစ်သည်။

အဓိကအခန်း

ဗြိတိသျှပိုင် အိန္ဒိယကို ခြိမ်းခြောက်နေသည့် ဂျပန်တပ်များသည် မြန်မာနိုင်ငံ၏ တောင်စဉ်တောင်တန်းနှင့် တောကြီးမျက်မည်းအတွင်း ခြေကုပ်ယူထားကြသည်။ ဂျပန်တပ်ဖွဲ့ဝင်များကို ဤနေရာမှ တိုက်ထုတ်ရှင်းပစ်ရာတွင် အနောက်အာဖရိကတပ်ရင်းသည် အဓိကအခန်းမှ ပါဝင်ခဲ့သည်။

အနိုင်တိုက်

တောကြီးမျက်မည်းတွင် ဂျပန်တို့နှင့် တိုက်ရသည်မှာ အလွန်ခက်ခဲပင်ပန်းသော အလုပ်ဖြစ်သည်။ ရိက္ခာကို လေကြောင်းမှ သာရရှိပြီး ကိုယ့်အသုံးအဆောင်၊ ကိုယ့်ရိက္ခာကိုယ်ထမ်းပြီး ရန်သူကိုအနိုင်တိုက်ရသည့် စစ်ပွဲဖြစ်သည်။

ထိုမျှစွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သော်လည်း အာဖရိကလူမည်း ရဲဘော်များမှာ သမိုင်းမှတ်တမ်း အတင်မခံရ၍ ခံပြင်း ဒေါသထွက်သည်။ မွေးရပ်ဌာနေ ရောက်သောအခါ ကိုယ့်နိုင်ငံမလွတ်လပ်သေးသည်ကိုတွေ့ရ၍ မည်သို့ တိုက်ပွဲဝင်ရမည်ကို သိလာရခြင်းက အာဖရိကစစ်ပြန်ကြီးများအတွက် အဖိုးမဖြတ်နိုင်သော ရလဒ်ကို ရင်ဝယ်ပိုက်ခဲ့ကြောင်း သိလာကြသည်။ သို့ဖြင့် အမိနိုင်ငံလွတ်လပ်ရေး တိုက်ပွဲတွင် ကိုယ်စီပါဝင်ကာ အာဖရိကနိုင်ငံများ နယ်ချဲ့လက်အောက်မှ အလျှိုလျှိုလွတ်မြောက်လာကြရတော့သည်။ ။

ကိုးကား-အင်တာနက်

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းရေးသားသည်

တရုတ်အရှေ့မြောက်ပိုင်း၌ ရှော့ပင်းမောမီးလောင်

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျီလင်းပြည်နယ် ချန်ချမ်မြို့ရှိ ရှော့ပင်းမောမတ် ၂၉ရက် နံနက် ၈နာရီက မီးလောင်မှုဖြစ်ပွားရာ(အောက်ပုံ) မီးသတ်တပ်ဖွဲ့ဝင်များ ခက်ခဲစွာ မီးငြိမ်းသတ်ခဲ့ရကြောင်း၊ အဆောက်အအုံအများအပြား မီးလောင်ကျွမ်းမှုခံခဲ့ရကြောင်း တရုတ်မီးသတ်တပ်ဖွဲ့က မတ် ၂၉ရက်၌ သတင်းထုတ်ပြန်သည်။

အာဖဂန်၌ နေတိုးရဟတ်ယာဉ်ပျက်ကျ

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဇာဘူးလ်ပြည်နယ်တွင် နေတိုးတပ်ဖွဲ့ဝင်များစီးနင်းလိုက်ပါလာသော စစ်ရဟတ်ယာဉ်တစ်စင်း မတ် ၂၉ ရက် နံနက်ကပျက်ကျခဲ့ကြောင်း၊ လေယာဉ်ပေါ်လိုက်ပါလာသူများ ဒဏ်ရာရရှိခဲ့သော်လည်း သေဆုံးမှုမရှိကြောင်း၊ မတော်တဆဖြစ်ရပ်ကြောင့်ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အာဖဂန်အရာရှိများကပြောကြားသည်။

စပိန်ငါးဖမ်းသင်္ဘောအပိုင်စီးခံရ

အိန္ဒိယသမုဒ္ဒရာအတွင်း ငါးဖမ်းနေသော စပိန်ငါးဖမ်းသင်္ဘောတစ်စင်းကို မတ် ၂၉ ရက်တွင် ဆိုမာလီဓားပြများက အပိုင်စီးသွားခဲ့ကြောင်း စပိန်အရာရှိများက ပြောကြားသည်။

အင်ဒိုနီးရှားအလယ်ပိုင်း၌ နဂါးလှေပြိုင်ပွဲကျင်းပ

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း စီလာကတ်မြို့တွင် မတ် ၂၉ ရက်က နိုင်ငံတော်အဆင့်နဂါးလှေပြိုင်ပွဲကျင်းပကြောင်း၊ အနိုင်ရရှိသည့်လှေလှော်အဖွဲ့များကို အမေရိကန်ဒေါ်လာတစ်သန်းကျော် ဆုများချီးမြှင့်ခဲ့ကြောင်း အင်ဒိုနီးရှားအရာရှိများကပြောကြားသည်။

စင်ကာပူနိုင်ငံက ပထမဆုံးဂြိုဟ်တုလွှတ်တင်မည်

စင်ကာပူနိုင်ငံသည် လာမည့် ဖွန်လ၌ ပြည်တွင်းဂြိုဟ်တုတစ်လုံးကို အာကာသသို့ ပထမဆုံး လွှတ်တင်မည်ဖြစ်ကြောင်း၊ ဂြိုဟ်တုလွှတ်တင်မည့်နေရာမှာ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် အခြေစိုက်စခန်းမှဖြစ်ကြောင်း စင်ကာပူအရာရှိများက မတ် ၂၉ရက်၌ သတင်းထုတ်ပြန်သည်။

မော်စကိုမြို့တော်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ရုရှားနိုင်ငံ မော်စကိုမြို့တော် မြေအောက်ရထားဘူတာရုံ လူယန်ကာ၌ မတ် ၂၉ရက် နံနက်က ဗုံးနှစ်လုံးပေါက်ကွဲမှုဖြစ်ပွားရာ ၄၁ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

တရုတ်နိုင်ငံ၌ နှင်းမုန်တိုင်းတိုက်ခတ်

တရုတ်နိုင်ငံကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် စီကျန်းအူဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မတ် ၂၉ ရက်က နှင်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ ဒေသခံ ၂၀၀ ကျော်နှင့် မော်တော်ယာဉ်အစီး ၃၀ ခန့်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး မော်တော်ယာဉ်သွားလာမှုပြတ်တောက်ခဲ့ကြောင်း တရုတ်အရာရှိများက မတ်၂၉ရက်၌ သတင်းထုတ်ပြန်သည်။

ဂရိနိုင်ငံ အေသင်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ဂရိနိုင်ငံ အေသင်မြို့၌ မတ် ၂၉ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး လူအချို့ဒဏ်ရာရရှိခဲ့ကြောင်း၊ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အေသင်မြို့ ရဲတပ်ဖွဲ့ကပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ရွှေဈေးနှုန်းအနည်းငယ်ကျဆင်းခဲ့

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းအနည်းငယ်ကျဆင်းလျက်ရှိရာ တရုတ်ဈေးကွက်တွင် မတ် ၂၉ရက်ဈေးပိတ်ချိန်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၀၇ဒသမ ၀၃ ဒေါ်လာအထိ အနည်းငယ်ကျဆင်းခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

(အင်တာနက်)

ပြည်သူလူထုအကျိုးကို ၂၄ နာရီပတ်လုံး သယ်ပိုးနေသော ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏

နှစ်(၅၀)ပြည့် ရွှေရတုသဘင်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း - တင်ထွေး (သတင်းစဉ်)
စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း (မြန်မာ့အလင်း)

ဘီလူးချောင်း အမှတ်(၁) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၏ ရေထိန်းတံခါးမှ ရေများ ပို့လွှတ်လျက်ရှိသည်ကို တွေ့ရစဉ်။

(ယမန်နေ့မှအဆက်)

နေပြည်တော် မတ် ၂၉

ဘီလူးချောင်း အမှတ်(၁)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက အဓိကတာဝန်ယူပြီး ဂျပန်နိုင်ငံမှကုမ္ပဏီ လေးခုဖြင့် ပူးပေါင်းတည်ဆောက်ခဲ့သည်။ ဂျပန်နိုင်ငံမှ ပစ္စည်းများကို ၁၉၈၇ ခုနှစ် မတ်လတွင် တင်သွင်းပေးပို့ခဲ့ရာ ၁၉၉၂ခုနှစ် ဩဂုတ်လတွင် တည်ဆောက် တပ်ဆင်ခြင်းများ ပြီးစီးခဲ့သည်။ ဘီလူးချောင်း အမှတ်(၁)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရာတွင် စုစုပေါင်း ကျပ်သန်း ၉၃၅ ဒသမ ၁၀၆ ကုန်ကျခဲ့သည်။

ဖြည့်စွက်ဆောင်ရွက်

ဘီလူးချောင်း အမှတ်(၁)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံက အသုံးပြုသောရေ ၁၆၈၀ ကုဗပေ/စက္ကန့်ကို ဘီလူးချောင်းအမှတ်(၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံက အသုံးပြုနိုင်ရန် ယခင်ရှိပြီးသားရေသွယ်မြောင်းဟောင်းနှင့် စီမံကိန်းမှ အသစ်တည်ဆောက်ခဲ့သော ရေသွယ်မြောင်းတို့ဖြင့် အမှတ်(၂) စက်ရုံရေကန်သို့ သွယ်ယူနိုင်ရန်ကိုလည်း ဖြည့်စွက်ဆောင်ရွက်ခဲ့သည်။

ဘီလူးချောင်း အမှတ်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ကယားပြည်နယ် လွိုင်ကော်မြို့၏ အရှေ့တောင်ဘက် ၁၀ မိုင်ခန့်အကွာ ဘီလူးချောင်း၏လက်ယာဘက်ကမ်းပေါ်တွင်တည်ရှိသည်။ ရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျား ၁၇၃၈ဒသမ၈ပေ၊ ရေလှောင်တမံအမြင့် ၃၆ဒသမ၀၉ပေ၊ အကျိုးပြုရေလှောင်ပမာဏ ၁၆၇၅ ဒသမ ၈၅ ဧကပေ၊ ရေသွယ်မြောင်းအလျား ၇၃၉၂မီတာ၊ အကျယ် ၂၂ ပေ၊ အမြင့် ၁၅ပေ၊ ဖိအားနိမ့်သံမဏိပိုက်လိုင်းအလျား ၆၆၄၆ပေ၊ အချင်း ၁၃ ဒသမ ၄၅ ပေ၊ ဖိအားမြင့်သံမဏိပိုက်လိုင်း အလျား ၅၂၀ ဒသမ ၆၆ ပေ၊ အချင်း ၁၂ ဒသမ ၅ ပေ~၉ဒသမ၆ပေ၊ ရေလှျံထိန်းစည်အမျိုးအစား Steel Elevated Tank Of Differential Type ၊အမြင့်၂၀၇ဒသမ၃၅ပေ၊ အချင်း ၃၄ ဒသမ ၄ ပေ၊ တာဘိုင်အမျိုးအစား Vertical Shaft, Francis Tubine၊ တပ်ဆင်စက်အင်အား ၂၈ မဂ္ဂါဝပ်(၂×၁၄မဂ္ဂါဝပ်)၊ နှစ်စဉ်ပျမ်းမျှထုတ်လုပ်သည့်ဓာတ်အား ကီလိုဝပ်နာရီသန်း ၂၀၀ ဖြစ်သည်။

ဓာတ်အားပို့လွှတ်

ဘီလူးချောင်း အမှတ်(၁)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ၁၃၂ကေဗွီလိုင်းဖြင့် ပေးပို့သောဓာတ်အားကို ဘီလူးချောင်း အမှတ်(၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားနှင့်ပေါင်း၍ ဓာတ်အားစနစ်အတွင်းသို့ ဆက်လက်ပို့လွှတ်ပေးသည်။ ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ၂၃၀ကေဗွီဓာတ်အားလိုင်း (တောင်ပိုင်းလိုင်း)ဖြင့် ရန်ကုန်မြို့သို့ လည်းကောင်း၊ ၁၃၂ ကေဗွီဓာတ်အားလိုင်း နှစ်လိုင်း (မြောက်ပိုင်းလိုင်း) ဖြင့် မန္တလေးမြို့သို့လည်းကောင်း၊ ၃၃ ကေဗွီဓာတ်အားလိုင်းဖြင့် လွိုင်ကော်၊ မိုးဗြဲ၊ ဖယ်ခုံ၊ ဒီမောဆို၊ ဘော်လခဲ၊ ဖာဆောင်းနှင့် ဖရူဆိုမြို့များသို့လည်းကောင်း၊ ၁၁ကေဗွီဓာတ်အားလိုင်းဖြင့် လောပိတဧရိယာနှင့် ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းသို့လည်းကောင်း ဓာတ်အား ပို့လွှတ်လျက်ရှိသည်။

အသစ်လဲလှယ်တပ်ဆင်ခဲ့

ဘီလူးချောင်း အမှတ်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက် ပြီးစီးချိန်နှင့်တစ်ပြိုင်တည်းတွင် နှစ်ပေါင်း ၃၀ကျော် လည်ပတ်ခဲ့သည့် ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ပထမစက်သုံးလုံးနှင့် ၁၆ နှစ်ကျော်လည်ပတ်ခဲ့သည့် ဒုတိယစက်သုံးလုံးတို့ကို အကြီးစားပြင်ဆင်မှုများပြုလုပ်ခဲ့သည်။ တာဘိုင်စက်များ ထိန်းသိမ်းမောင်းနှင်ခြင်း ကောင်းမွန်ခဲ့၍ ချွတ်ယွင်းမှုကြီးကြီးမားမား မရှိခဲ့သော်လည်း စက်၏စွမ်းရည် လျော့နည်းလာခြင်းနှင့် ပွန်းစားမှုများရှိခြင်းတို့ကြောင့် ပြင်ဆင်မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အကြီးစားပြင်ဆင်မှုလုပ်ငန်းများကို ၁၉၉၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ Hitachi Co.,Ltd. ဖြင့် ဆောင်ရွက်ခဲ့ပြီး အဓိကစက်ပစ္စည်းအစိတ်အပိုင်းများကို အသစ်လဲလှယ်တပ်ဆင်ခဲ့သည်။

ဘီလူးချောင်း အမှတ်(၁)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးသည့်အတွက် ရေပျောက်ဆုံးမှုမရှိတော့ခြင်း၊ ရေသွယ်မြောင်း နှစ်ခုဖြင့် လုံလောက်သော ရေပမာဏရရှိခြင်းနှင့် အကြီးစားပြင်ဆင်မှု (Renovation) ပြုလုပ်နိုင်ခဲ့ခြင်းတို့ကြောင့် ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ စက်ခြောက်လုံးဖြင့် မောင်းနှင်ထုတ်လုပ်မှုမှာ သိသိသာသာ တိုးတက်လာခဲ့သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၁၉၈၈ ခုနှစ် တစ်နှစ်ပတ်လုံးမိုးရေချိန် လျော့နည်းခဲ့မှုကြောင့် မိုးဗြဲရေလှောင်ကန်တွင် ရေစုဆောင်းနိုင်မှု လျော့နည်းခဲ့ရသည်။ ၁၉၉၈ခုနှစ် ဇန်နဝါရီလတွင် ရေလှောင်ကန်အမြင့် ပေ ၂၈၉၀ရှိခဲ့ပြီး ဒီဇင်ဘာလတွင် ၂၈၇၉ ပေသို့ ကျဆင်းခဲ့သည်။ မိုးဗြဲရေလှောင်ကန်တွင် ရေသိုလှောင်မှုလျော့နည်းသည်နှင့်အမျှ ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားထုတ်လုပ်မှုသည်လည်း ၁၉၉၈ ခုနှစ်၊ ၁၉၉၉ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်တို့တွင် လျော့နည်းခဲ့ရသည်။

များစွာ အကျိုးကျေးဇူးဖြစ်ထွန်းခဲ့

ယခုအခါ ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ တာဘိုင်စက်ခြောက်လုံးဖြင့် ၂၄ နာရီပတ်လုံး မောင်းနှင်၍ ဓာတ်အားထုတ်လုပ်ပေးလျက်ရှိသည်။ မိုးဗြဲရေလှောင်ကန် တည်ဆောက်နိုင်ခဲ့ခြင်းဖြင့် တစ်နှစ်ပတ်လုံးရေပမာဏကို ထိန်းလွှတ်ပေးနိုင်ခဲ့သည်။ မိုးဗြဲနှင့် လွိုင်ကော်ကြား မိုးတွင်းကာလ ရေလျှံ၊ ရေမြုပ်မှုများကိုလည်း တစ်ပေါင်းတည်း ကာကွယ်ဆောင်ရွက်နိုင်ပြီးဖြစ်သည်။ ဘီလူးချောင်း အမှတ်(၁)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းတည်ဆောက်ပေးခြင်းကြောင့် ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတွင် ဓာတ်အားထုတ်လုပ်မှု ၁၄၄ ကီလိုဝပ်နာရီသန်းခန့် ပိုမိုထွက်ရှိခဲ့သည်။ တစ်နှစ်လျှင်ဓာတ်အား ကီလိုဝပ်နာရီသန်း ၁၂၀၀ခန့် ထုတ်လုပ်ရန်လျာထားခဲ့ရာ ပြည့်မီကျော်လွန်သည်အထိ ထုတ်လုပ်ပေးနိုင်ခဲ့ပြီးဖြစ်၍ များစွာအကျိုးကျေးဇူးဖြစ်ထွန်းခဲ့သည်။

ဘီလူးချောင်း အမှတ်(၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားပေးစက်တာဘိုင်နှင့် အဓိကစက်အစိတ်အပိုင်းများကို အကြီးစားပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်သော်လည်း နောင်နှစ်ပေါင်း ၅၀ ကျော် ဆက်လက်အသုံးပြုနိုင်ရန် အကြီးစားပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်ပေးရဦးမည်ဖြစ်ကြောင်း သိရသည်။

ကယားပြည်နယ် လွိုင်ကော်မြို့၏အရှေ့ဘက် ၁၄ မိုင်ခန့်အကွာ ဘီလူးချောင်း၏ လက်ယာဘက်ကမ်းတွင် ဘီလူးချောင်း အမှတ်(၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ရှိသည်။ ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရေဆင်းဧရိယာ စတုရန်းမိုင် ၃၈၈၀၊ နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၄၁ ဒသမ ၁၅ လက်မ (လွိုင်ကော်မြို့)၊ ရေလွှဲဆည်အမျိုးအစား Concrete Low Dam Witch Ogee Crestan 6 Nos of Steel Roller Gates၊ ရေလွှဲဆည်အလျား ၁၆၄ပေ၊ ရေပိုလွှဲအမျိုးအစား Reinforced Concrete Siphon Spillway ၊ ရေလှောင်ကန်အမြင့်ဆုံးရေအမှတ် EL ၂၈၉၇ ပေ၊ ရေလှောင်ကန်အနိမ့်ဆုံးရေအမှတ် EL ပေ ၂၈၈၀၊ အကျိုးပြုရေလှောင်ပမာဏ ၅၈၀၅၀၀ကုဗပေ/စက္ကန့်၊ ရေလျှံထိန်းစည် အမျိုးအစား Steel Mode Elevated Differential Surge Tank ၊ ဖိအားမြင့်ပိုက်လိုင်းအရှည် ပေ ၃၇၅၀၊ တပ်ဆင်စက်အင်အား ၁၆၈မဂ္ဂါဝပ် (၂၈မဂ္ဂါဝပ် × ၆လုံး)၊ တာဘိုင်အမျိုးအစား Pelton, Horizontal Shaft Double-Wheel Four Jets ၊ နှစ်စဉ်ပျမ်းမျှထုတ်လုပ်သည့်ဓာတ်အား ကီလိုဝပ်နာရီသန်း ၁၂၀၀ ဖြစ်သည်။

အမျိုးသားအမွေအနှစ်

၁၉၆၀ပြည့်နှစ်မှစတင်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးခဲ့ရာမှ ယခုအချိန်အထိနိုင်ငံတော်အတွက် အဓိကအားထားနေရဆဲဖြစ်သည့် ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားအမွေအနှစ်တစ်ခုပင်ဖြစ်သည်။ နိုင်ငံတော်တာဝန်ကို ယူခဲ့ကြသူအဆက်ဆက်၏ အမြော်အမြင်ကြီးမားမှုဖြင့် တည်ဆောက်အကောင်အထည်ဖော်နိုင်ခဲ့ခြင်းကြောင့် ယနေ့အချိန်တွင် အကျိုးကျေးဇူးခံစားကြရခြင်းဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင်လည်း လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးရေးစီမံကိန်းကြီးများဖြင့် ရေအားလျှပ်စစ်စက်ရုံများ၊ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းမှာ နောင်လာမည့် သားစဉ်မြေးဆက်တို့ အကျိုးကျေးဇူးခံစားကြရမည်ဖြစ်၍ အမျိုးသားအမွေအနှစ်များပင်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားသည် ယနေ့အချိန်အခါတွင် လူသားများ၏ဘဝတွင် မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်လေသည်။ လျှပ်စစ်ဓာတ်အားကို အလင်းရောင်ရရှိရေး တစ်ခုတည်းအတွက်သာမကဘဲ ခေတ်မီလူ့အသုံးအဆောင်ပစ္စည်းများ အသုံးပြုမှုနှင့် စက်ရုံ၊ အလုပ်ရုံများ၏ ကုန်ထုတ်လုပ်မှုများအတွက်ပါ သုံးစွဲနေရပြီဖြစ်သည်။

၂၀၁၀ ခုနှစ် ဧပြီ ၁ရက်တွင် ဘီလူးချောင်း အမှတ် (၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(လောပိတ)၏ နှစ်(၅၀)ပြည့်ရွှေရတုသဘင် အခမ်းအနားကို ကျင်းပတော့မည်ဖြစ်သည်။ ဘီလူးချောင်း အမှတ်(၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ နှစ်(၅၀)ပြည့်ရွှေရတုသဘင်ကာလ နီးကပ်လာချိန်တွင် ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ၁၂မိုင်ခန့်ကွာဝေးသော လောပိတကျေးရွာသို့ ရောက်ရှိခဲ့ပါသည်။

အလှချင်းပြိုင်လျက်

ဘီလူးချောင်း အမှတ်(၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ဧည့်ရိပ်သာကလေး၏ ပေါ်တီကိုအောက်သို့ ကားဆိုက်ရောက်ချိန်တွင် နေလုံးသည် အနောက်ဘက်မှတောင်ကြောပေါ်သို့ မေးတင်လျက်ရှိသည်။တန်ခူးလဆန်းဖြစ်၍ ဧည့်ရိပ်သာရှေ့မှ ကျွန်းပင်များသည် ရွက်ဟောင်းများကြွေကာ ရိုးတံပြိုင်းပြိုင်းနှင့် ဖြစ်နေသည်။ သို့သော် လူတစ်ရပ်မက ကြီးမားသောရွက်လှပန်းပင်ကြီးများ၊ နှင်းဆီပန်းချုံများ၊ ကျောက်ခက်ပင်များ၊ အပွင့်များ ဝေဆာနေသော တရုတ်စံကားပင်နှင့် စက္ကူပန်းချုံကြီးတို့က တန်ခူးနေကို အန်တု၍ အလှချင်းပြိုင်လျက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

ဘီလူးချောင်း အမှတ်(၁) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ(လောပိတ)ကို တွေ့ရစဉ်။

30-3 (06).pmd 1 3/30/2010, 2:00 AM

စာမျက်နှာ ၆ မှ

ခရီးရောက်မဆိုက်ပင် ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဧည့်ရိပ်သာတွင် စက်ရုံမှူး ဦးဒင်ဒိုလျှန်းနှင့် တွေ့ဆုံခွင့်ရလေသည်။ စက်ရုံမှူးက ယခုကဲ့သို့ ရွှေရတုသဘင်ကာလတွင် လေ့လာရေးလာရောက်ခြင်းအတွက် များစွာဝမ်းသာအားရ ဖြစ်လျက်ရှိသည်။ ရွှေရတုသဘင်အခမ်းအနားအတွက် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားပြီး ဘီလူးချောင်း အမှတ်(၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စတင်တည်ဆောက်ရန် စီစဉ်ခဲ့သည်မှစက်ရုံပြီးစီး၍ ဓာတ်အားဖြန့်ဖြူးနိုင်သည်အထိ အဆင့်ဆင့်ရိုက်ကူးထားသည့် မော်ကွန်းရုပ်ရှင်မှတ်တမ်းဇာတ်ကားကို ဒီဗွီဒီဖြင့် ပြသလေသည်။

စိတ်ဝင်စားဖွယ်ကောင်း

မော်ကွန်းရုပ်ရှင်မှတ်တမ်းဇာတ်ကားမှာ ခေတ်ဟောင်းရုပ်ရှင်ဇာတ်ကားတစ်ခုကိုကြည့်နေရသည်အလား စိတ်ဝင်စားဖွယ် ကောင်းလှသည်။ နောက်ခံစကားပြောဖြင့် ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် တာဝန်ရှိသူများစီစဉ်ပုံ၊ ဂျပန်ပညာရှင်များနှင့် မြန်မာပညာရှင်တို့က ပူးပေါင်း၍ စူးစမ်းလေ့လာမှုများ ပြုလုပ်ပုံ၊ တောထဲတောင်ထဲ၌ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်း၍ စက်ယန္တရားကြီးများဖြင့် ခက်ခက်ခဲခဲ တည်ဆောက်ရပုံ၊ ဂျပန်နိုင်ငံမှ တင်သွင်းလာသည့် ရေပိုက်လုံးကြီးများ၊ တာဘိုင်နှင့် ဂျင်နရေတာစသည့် ပစ္စည်းများကို ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ကားကြီးများဖြင့်သယ်ဆောင်ကာ ကြိုးပမ်းတပ်ဆင်ပုံနှင့် ရန်ကုန်မြို့ လော်ကားဓာတ်အားခွဲရုံသို့ ဓာတ်အားပေးပို့ရာ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပုံအဆင့်ဆင့်ကို တင်ဆက်ထားသည်မှာ အနှစ်သာရရှိလှ၍ မျက်တောင်မခတ်တမ်း ကြည့်မိပါသည်။

အကြီးစားပြင်ဆင်မှု

ဘီလူးချောင်း အမှတ်(၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ စက်ရုံမှူး ဦးဒင်ဒိုလျှန်း(အင်ဂျင်နီယာမှူးကြီး)က "အခုလို နှစ်(၅၀)ရွှေရတုသဘင်ကာလမှာ စက်ရုံမှူးတစ်ဦးအနေနဲ့ ကြုံကြိုက်ခွင့်ရလို့ ဝမ်းသာမိပါတယ်။ နှစ်(၅၀)မှသည် (၇၅)နှစ်အထိ စက်စွမ်းအားပြည့် လျှပ်စစ်ဓာတ်အားထုတ်နိုင်ဖို့ ကာယ၊ ဉာဏဝန်ထမ်းတွေအားလုံး နေ့မအား၊ ညမနားလုပ်ရှုရေးကိစ္စတွေ မကြည့်နိုင်အောင်လုပ်ကြမှာပါ။ (၇၅)နှစ်ပြည့် စိန်ရတုကာလအထိ ခရီးပေါက်နိုင်ဖို့ အကြီးစားပြင်ဆင်မှုလုပ်ငန်းတွေကိုလည်း လုပ်ဖို့လိုအပ်မှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဘီလူးချောင်း အမှတ်(၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(လောပိတ)သို့ လေ့လာရေးခရီးရောက်ရှိစဉ်ရက်များအတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအနီးရှိ မိုးဗြဲရေလှောင်ကန်အတွင်း ရေဝင်ရောက်မှုနှင့် ရေထိန်းတံခါးမှတစ်ဆင့် ရေပေးမှုအခြေအနေကိုလည်းကောင်း၊ လွိုင်ကော်မြို့နယ် ဒေါတချားကျေးရွာနှင့် လောကထူးကျေးရွာအနီးရှိ ဘီလူးချောင်း အမှတ်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ရေထိန်းတံခါး(Intake Reservoir)၊ ရေသွယ်မြောင်း(Headrace Channel)၊ ရေလှောင်ကန် (Regulating Pondage)၊ ဖိအားနိမ့်ပိုက်လိုင်း(Low Pressure Pipe Line)၊ ရေလှုံ့ထိန်းစည် (Surge Tank)၊ ဖိအားမြင့်ပိုက်လိုင်း(Penstock Pipe)နှင့် ဓာတ်အားပေးစက်ရုံ(Power House) တို့ကိုလည်းကောင်း၊ လောပိတကျေးရွာအနီးရှိ ဘီလူးချောင်း အမှတ်(၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ရေထိန်းတံခါး (Intake Reservoir)၊ ရေသွယ်မြောင်း (Headrace Channel)၊ ရေလှောင်ကန် (Regulating Pondage)၊ ဖိအားနိမ့်ပိုက်လိုင်း (Low Pressure Pipe Line)၊ ရေလှုံ့ထိန်းစည် (Surge Tank)၊ ဖိအားမြင့်ပိုက်လိုင်း (Penstock Pipe)၊ ဓာတ်အားပေးစက်ရုံ(Control Room)၊ အတွင်းရှိ ထိန်းချုပ်ခန်း(Turbine Switchyard)၊ စက်ခန်း(Generation Room)တို့ကိုလည်းကောင်း၊ လောပိတကျေးရွာအနီး အနာဂတ်စွမ်းအားကုမ္ပဏီ(Future Energe Co.,Ltd.)က B.O.T စနစ်ဖြင့် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ဘီလူးချောင်း အမှတ်(၃)ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်း၏လုပ်ငန်းခွင်အတွင်း ချဉ်းကပ်ဥမင် ဖောက်လုပ်နေမှု၊ ဓာတ်အားပေးစက်ရုံအတွက် မြေကြီးလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း အချိန်ယူ၍ အသေးစိတ်ကြည့်ရှုလေ့လာဖြစ်ခဲ့သည်။

လူသားအချင်းချင်း တစ်ဦးနှင့် တစ်ဦး ကြည်ညိုလေးစားမိကြသည်မှာ ဆန်းပြားသော ကိစ္စတစ်ရပ်မဟုတ်သော်လည်း သက်မဲ့အရာဝတ္ထုတစ်ခုကို ကြည်ညိုမိသည်မှာ ဆန်းသည်ဟု ဆိုရမည်ဖြစ်သည်။ ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မှုမှတ်တမ်းတင်ဒီဗွီဒီကို ကြည့်ရှုရပြီး သက်တမ်းနှစ်(၅၀) ရှိလာသည်အထိ ၂၄ နာရီပတ်လုံးဓာတ်အားထုတ်လုပ်နေမှုကို သိရှိရသောအခါ ဘီလူးချောင်းအမှတ်(၂)ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကြီးကို ကြည်ညိုသော စိတ်ဖြစ်မိသည်မှာ အမှန်ပင်။ သတင်းခရီးသည်၏ အသက်ထက်ပင် ပိုကြီးသော ဝေးလံခေါင်ဖျားဒေသရှိ လျှိုမြောင်ချိုင့်ဝှမ်းအတွင်းက ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးကို ဧည့်ရိပ်သာရှေ့ရှုရပ် (View Point)မှ ကြည့်ကာ ကြည်ညိုစိတ်များ တဖွားဖွားဖြစ်ပေါ်လာခဲ့ရခြင်းဖြစ်သည်။

ကြည့်မဝနိုင်အောင်

နံနက်ခင်းတိုင်းလိုလို ခမ်းနားဝင့်ထည်လှသော ရေလှုံ့ထိန်းစည်ကြီးနှင့် တောင်စောင်း ဆင်ခြေလျှောတစ်လျှောက် သွယ်တန်းထားသော မြွေကြီးနှစ်ကောင်နှင့်တူသည့် သံမဏိပိုက်လိုင်းကြီးနှစ်ခုကိုလည်းကောင်း၊ ချိုင့်ဝှမ်းအတွင်းက ဣန္ဒြေကြီးလှသော ဓာတ်အားပေး စက်ရုံအဆောက်အအုံကိုလည်းကောင်း ရှုရပ်မှကြည့်ရှုရင်း ကြည့်မဝနိုင်အောင်ဖြစ်ခဲ့ရသည်။ ထိုသို့ ကြည့်မိတိုင်း ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှပေးပို့သော ဓာတ်အားဖြင့် မွေးဖွားကြီးပြင်းသည်မှ ယနေ့အချိန်အထိ အသုံးပြုနေရခြင်းကို တွေးမိပြီး ကျေးဇူးရှင်တစ်ဦးပမာ ထင်မြင်ခံစားရသည်။

လောပိတကျေးရွာကလေးရှိ ဧည့်ရိပ်သာ(ဘိုတဲ)၌ နေထိုင်ခဲ့သည့် ရက်များအတွင်း စက်ရုံဝန်ထမ်းများ၏ နေ့ဆိုင်း၊ ညဆိုင်းခွဲ၍ အလှည့်ကျတာဝန်ယူဆောင်ရွက်နေမှု၊ စက်ရုံမှူး၊ ဒုတိယစက်ရုံမှူး၊ ဌာနမှူးများနှင့် အင်ဂျင်နီယာများကလည်း စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် အချိန်နှင့် တစ်ပြေးညီစောင့်ကြပ်ကြည့်ရှု၍ စီမံခန့်ခွဲနေမှု၊ ဓာတ်အားလိုင်းတစ်ခုခုကသော်လည်းကောင်း၊ စက်ပိုင်းဆိုင်ရာတစ်ခုခုကသော်လည်းကောင်း ချွတ်ယွင်းမှုဖြစ်ပေါ်၍ စက်လည်ပတ်မှုရပ်ဆိုင်းသွားပါက အမြန်ဆုံးစက်ပြန်လည် လည်ပတ်နိုင်ရေးအတွက် သူ့တာဝန်၊ ကိုယ့်တာဝန် မခွဲခြားဘဲ စက်ရုံသို့ ချက်ချင်းသွားရောက်၍ ဝိုင်းဝန်းကူညီဆောင်ရွက်ကြပုံ၊ အချင်းချင်း ညီရင်းအစ်ကိုပမာ မိသားစုစိတ်ဓာတ်ဖြင့် သာရေး နာရေးစသည့် လူမှုရေးကိစ္စများကို အပြန်အလှန် ကူညီကြပုံတို့ကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ကြားသိရသောအခါ မလေးစားဘဲ မနေနိုင်အောင်ဖြစ်ရသည်။

ရွှေရတုသဘင်

စက်ရုံ၏ ရွှေရတုသဘင်ကာလတွင် ဝန်ထမ်းများအားလုံး တက်ကြွရွှင်လန်းကာ ဂုဏ်ယူမဆုံး ရှိနေကြသည်။ ငြိမ်းချမ်းခြင်း၏အရသာကို စစ်တိုက်သော စစ်သားများက ပိုမို၍တန်ဖိုးထား နားလည်သကဲ့သို့ပင် မီးပျက်ခြင်းကို စက်ရုံဝန်ထမ်းများကပိုမို၍ မလိုလားကြကြောင်းကို ကိုယ်တိုင်အနီးကပ်လေ့လာကြည့်မှ သိရှိခဲ့ရသည်။ အများပြည်သူများအနေဖြင့် မီးပျက်လျှင် မီးပြန်လာချိန်ကို စောင့်မျှော်နေရုံသာရှိသော်လည်း ဓာတ်အားပေးစက်ရုံဝန်ထမ်းများမှာ မည်သူ့ကြောင့်ပဲဖြစ်ဖြစ် အမြန်ဆုံးဓာတ်အား ပြန်လည်ထုတ်လုပ်နိုင်ရန်အတွက် နေ့နေ့၊ ညညမခွဲခြား၊ အေးသည်၊ ပူသည်သဘောမထားဘဲ ကြိုးစားဆောင်ရွက်လျက်ရှိကြသည်ကို တွေ့ရှိမှတ်တမ်းတင်ခွင့်ရရှိခဲ့ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

KOBELCO ကုန်အမှတ်တံဆိပ်ကုန်ပစ္စည်း ဝယ်ယူသုံးစွဲသူများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မတ် ၂၉

ဂျပန်နိုင်ငံ KOBE STEEL Ltd. က ထုတ်လုပ်သော KOBELCO ကုန်အမှတ်တံဆိပ် ဝရိန်ချောင်းနှင့် ဂဟေဆက်ပစ္စည်းများ ဖြန့်ချိရေးတစ်ဦးတည်း ကိုယ်စားလှယ် YSL Welding Supply Ltd. က ကုန်ပစ္စည်းများဝယ်ယူအားပေးကြသည့် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် ကုန်သည်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည့် အခမ်းအနားကို မတ် ၂၇ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ Thai-Kobe Welding Co., Ltd. ဥက္ကဋ္ဌ Mr.Shunji Takei က KOBELCO ကုန်အမှတ်တံဆိပ် ဝရိန်ပစ္စည်း၏ အရည်အသွေးနှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

တည်ခင်းဧည့်ခံ

ယင်းနောက် တစ်ဦးတည်းကိုယ်စားလှယ် YSL Welding Supply Ltd. ဒါရိုက်တာ ဦးခင်မောင်ဦးက ကုမ္ပဏီကိုယ်စား ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဖြန့်ချိ

YSL Welding Supply Ltd. သည် KOBELCO ကုန်အမှတ်တံဆိပ် ဝရိန်ချောင်းနှင့် ဂဟေဆက်ပစ္စည်းများကို အစိုးရဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုန်သည်များအား သင့်တင့်သော ဈေးနှုန်းဖြင့်ရောင်းချဖြန့်ချိလျက်ရှိပြီး KOBE STEEL Ltd. ၏ ထိုင်းဌာနခွဲဖြစ်သည့် Thai-Kobe Welding Co.,Ltd. ၏ နည်းပညာပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံတွင် ဂဟေဆက်ပြိုင်ပွဲများ၊ ဂဟေဆက်နည်းပညာနှီးနှောဖလှယ်ပွဲများကို နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိသည်။ **(သတင်းစဉ်)**

ပုလဲမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အသိပညာပေး ဟောပြော

ရန်ကုန် မတ် ၂၉

ပုလဲမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ အသိပညာပေး ဟောပြောပွဲကို မတ် ၁၃ ရက်က ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းဆိုင်မိုနွမ်က အသင်းဝင်တိုးပွားရေးဟောပြောပြီး အဖွဲ့အမှုဆောင် ဒေါ်တင်သီသီဌေးက လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် အကြမ်းဖက်မှု ကာကွယ်ရေးတို့ကို အသိပညာပေး ဟောပြောသည်။

တက်ရောက်

ဟောပြောပွဲသို့ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၅ စုမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြပြီး အဖွဲ့ဥက္ကဋ္ဌက အသင်းဝင် ၅၀ တို့အား ရင်ထိုးတံဆိပ်များ တပ်ဆင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

၁၃၇၁/၁၃၇၂ ခုနှစ်အတွက် မဟာသင်္ကြန်အခါတော်နှင့် (အကျ-အကြတ်-အတက်)ရက်နှင့် မြန်မာ-ရခိုင်-ဝါဆို-ဝါကပ်-လ-ရက်များ

၁။ **မဟာသင်္ကြန်အကျရက်**

- ဇယတု-မြန်မာသက္ကရာဇ်-၁၃၇၁ ခုနှစ် ကဆုန်လဆန်း ၂ ရက် ဗုဒ္ဓဟူးနေ့။
- ရခိုင်သက္ကရာဇ်-၁၃၇၁ ခုနှစ် ဒုတိယတာကူးလဆန်း ၂ ရက် ဗုဒ္ဓဟူးနေ့။
- ခရစ်နှစ် ၂၀၁၀၊ ဧပြီလ ၁၄ ရက် ဗုဒ္ဓဟူးနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန်နေ့ နံနက် စက် ၉ နာရီ ၂၈ မိနစ် ၁၃ စက္ကန့်အချိန်တွင် မဟာသင်္ကြန်အကျရက်ဖြစ်သည်။

၂။ **မဟာသင်္ကြန်အကြတ်ရက်**

- မြန်မာသက္ကရာဇ်-၁၃၇၁ ခုနှစ် ကဆုန်လဆန်း ၃ ရက် ကြာသပတေးနေ့။
- ရခိုင်သက္ကရာဇ်-၁၃၇၁ ခုနှစ် ဒုတိယတာကူးလဆန်း ၃ ရက် ကြာသပတေးနေ့။
- ခရစ်နှစ် ၂၀၁၀၊ ဧပြီလ ၁၅ ရက် ကြာသပတေးနေ့သည် မဟာသင်္ကြန်အကြတ်ရက်ဖြစ်သည်။

၃။ **မဟာသင်္ကြန်အတက်ရက်**

- မြန်မာသက္ကရာဇ်-၁၃၇၁ ခုနှစ် ကဆုန်လဆန်း ၄ ရက် သောကြာနေ့။
- ရခိုင်သက္ကရာဇ်-၁၃၇၁ ခုနှစ် ဒုတိယတာကူးလဆန်း ၄ ရက် သောကြာနေ့။
- ခရစ်နှစ် ၂၀၁၀၊ ဧပြီလ ၁၆ ရက် သောကြာနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် နေ့လွဲ စက် ၁ နာရီ ၃၂ မိနစ် ၅၄ စက္ကန့်အချိန်တွင် မဟာသင်္ကြန်အတက်ရက်ဖြစ်သည်။

၄။ **မြန်မာ-ရခိုင်-နှစ်ဆန်း ၁ရက်**

- မြန်မာသက္ကရာဇ်-၁၃၇၂ ခုနှစ် ဦးကဆုန်လဆန်း ၅ ရက် စနေနေ့။
- ရခိုင်သက္ကရာဇ်-၁၃၇၂ ခုနှစ် ဒုတိယတာကူးလဆန်း ၅ ရက် စနေနေ့။
- ခရစ်နှစ် ၂၀၁၀၊ ဧပြီလ ၁၇ ရက် စနေနေ့သည် မြန်မာ-ရခိုင်-နှစ်ဆန်း ၁ရက်နေ့ဖြစ်သည်။

၅။ **ဝါဆို-ဝါကပ်-လ-ရက်များ**

- မြန်မာသက္ကရာဇ်-၁၃၇၂ ခုနှစ်တွင် အဓိမာသ အချာဟ လထပ်-ရက်ငင်ရှိသောကြောင့်
- ဗုဒ္ဓဘာသာသာသနာတော် ဝန်ထမ်း၊ ရဟန်းတော်အရှင်မြတ်တို့မှာ
- မြန်မာသက္ကရာဇ်-၁၃၇၂ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက် (ခရစ်နှစ် ၂၀၁၀၊ ဇူလိုင်လ ၂၇ ရက်)၊ ရခိုင်သက္ကရာဇ် ၁၃၇၂ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက် အင်္ဂါနေ့တွင် ပထမ ပုရိမဝါကပ်ဆိုတော်မူကြ၍....
- မြန်မာ-ရခိုင် ၁၃၇၂ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ ရက် (ခရစ်နှစ် ၂၀၁၀၊ ဩဂုတ်လ ၂၆ ရက်) ကြာသပတေးနေ့တွင် ဒုတိယပစ္ဆိမဝါကပ်ဆိုတော်မူကြပါရန် ဖြစ်ပါသည်။

အုတ်ဖိုနှင့် ကြို့ပင်ကောက်ဈေးများ၌ မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်

နေပြည်တော် မတ် ၂၉

ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖိုမြို့နှင့် ကြို့ပင်ကောက်မြို့ ဈေးများတွင် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုများကို မတ် ၂၇ရက် နံနက်ပိုင်းက ကျင်းပရာ သက်ဆိုင်ရာ မြို့နယ်ဥက္ကဋ္ဌများ၊ စည်ပင်သာယာရေးအမှုဆောင်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တာဝန်ခံများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ ပါဝင်ဆောင်ရွက်ခဲ့ကြပြီး သက်ဆိုင်ရာ မြို့နယ်မီးသတ် တာဝန်ခံများက ဈေးသူဈေးသားများအား ဈေးများအတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောကြသည်။

ကြည့်ရှုစစ်ဆေး

အဆိုပါ မီးဘေးကာကွယ်ရေးသရုပ်ပြလေ့ကျင့်မှုများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ ဦးမြင့်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၃၀-၃-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇:၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄:၁၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅	၅။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၀၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅:၂၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၂။	လျှပ်တစ်ပြက်
၆:၄၀	၁၃။	အကြင်နာလက်တစ်စုံ
၇:၀၀	၁၄။	ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၆၃)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မွေးမြူသုတ
	၂၀။	ဟာသရုပ်စုံ **အဖေ့ခြေရာ**
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာ ပျိုကညာ** (အပိုင်း-၂၃)

နိုင်ငံတော်မှ တည်ဆောက်ပေးထားသည့် ဖွံ့ဖြိုးမှု အခြေခံကောင်းများအပေါ် မိမိတို့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်

ရေရှည်တည်တံ့ခိုင်မြဲအောင် သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်

❒ *ရှေ့ဖုံးမှ*

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက စီမံကိန်းရည်ရွယ်ချက်၊ တည်နေရာ၊ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ၊ တမံအမျိုးအစား၊ တပ်ဆင်စက်အင်အားနှင့် နှစ်စဉ်ပျမ်းမျှထုတ်လုပ်မည့် ဓာတ်အားပမာဏတို့ကိုလည်းကောင်း၊ စီမံကိန်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က ရေအားအဆောက်အအုံများတည်ဆောက်နေမှု၊ ပင်မတမံ၊ ကုန်းကြောတမံ၊ ရေပိုလွှဲ၊ ရေလွှဲဥမင်လိုဏ်၊ ချဉ်းကပ် ဥမင်လိုဏ်နှင့် ရေသွယ်ဥမင်လိုဏ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေ၊

ယင်းနောက် ရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက စီမံကိန်းရည်ရွယ်ချက်၊ တည်နေရာနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ဦးစွာရှင်းလင်းတင်ပြပြီး အကူရေပိုလွှဲနှင့် ကုန်းကြောတမံတည်ဆောက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများ၏ လုပ်ငန်းတစ်ခုချင်းအလိုက် တည်ဆောက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြား စီမံဆောင်ရွက်ပေးသည်။

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသည် ပဲခူးတိုင်း ရွှေကျင်မြို့၏ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီးရှိ ရွှေကျင်ချောင်း

တိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိရန်လိုကြောင်း။

တစ်ချိန်က နိုင်ငံတစ်ဝန်းတွင် သောင်းကျန်းသူမျိုးစုံရှိခဲ့၍ ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်မှုကို ထိထိရောက်ရောက် မဆောင်ရွက်နိုင်ခဲ့ကြောင်း။

ဆောင်ရွက်ခဲ့

တပ်မတော်အစိုးရ နိုင်ငံတာဝန်ကို ယူပြီးနောက် ဦးစွာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ခဲ့ပြီး နယ်မြေဒေသများ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ဆောင်ရွက်ခဲ့ကြောင်း။



စက်ယန္တရားများ ရောက်ရှိမှုနှင့် ဝန်ထမ်းအင်အား စသည့် အချက်အလက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးသည်။

ထို့နောက် စီမံကိန်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်ပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှုရပ်မှ ကြည့်ရှုစစ်ဆေးသည်။

သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း

သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းသည် ပဲခူးတိုင်း တောင်ငူမြို့၏ အရှေ့ဘက် ၁၄မိုင်ခန့်အကွာရှိ သောက်ရေခပ်ချောင်းပေါ်၌ တည်ရှိသည်။ တမံအမျိုးအစားမှာ CFRD (Concrete Faced Rock Fill Dam) အမျိုးအစားဖြစ်ပြီး တမံအလျား ၁၂၅၃ပေနှင့် တမံအမြင့် ၃၀၈ပေရှိသည်။ တပ်ဆင်စက်အင်အားမှာ ၁၂၀ မဂ္ဂါဝပ်ရှိမည်ဖြစ်ပြီး နှစ်စဉ် ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၆၀၄သန်း ထုတ်လုပ်မည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုမှတစ်ဆင့် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး ပဲခူးတိုင်း ရွှေကျင်မြို့နယ်ရှိ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိကြရာ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်၊ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှင်းလင်းဆောင်ရှုရပ်ရှိ စီမံကိန်းပုံစံငယ်ကို ကြည့်ရှုစစ်ဆေးပြီး ရေလှောင်တမံနှင့် စီမံကိန်းအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ပေါ်၌တည်ရှိပြီး စီမံကိန်းကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးက တာဝန်ယူ တည်ဆောက်လျက်ရှိသည်။

ရေလှောင်တမံအမျိုးအစားမှာ ဇုန်အမျိုးအစားတမံ (Zoned Dam) ဖြစ်ပြီး တမံအလျားပေ ၃၆၁၀ နှင့် တမံအမြင့် ၁၈၅ပေ ရှိသည်။

တပ်ဆင်စက်အင်အားမှာ ၇၅မဂ္ဂါဝပ်ရှိပြီး နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂၆၂သန်း ထုတ်လုပ်မည်ဖြစ်သည်။

ယခုအခါ စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းတစ်ခုလုံး၏ ၉၄ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ဘားအံမြို့သို့ ရောက်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် လိုက်ပါလျက် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲ ၂နာရီ ၁၀မိနစ်တွင် ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း၊ ဘားအံတပ်နယ်မှ ဗိုလ်မှူးချုပ်တင်မောင်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘားအံတပ်နယ်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအားတွေ့ဆုံပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော် ဖွံ့ဖြိုး

တစ်ချိန်တည်းမှာပင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် လက်နက်ကိုင်အဖွဲ့များ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ရန် နိုင်ငံတော်မှ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း။

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသများပါမကျန် နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု လုံခြုံကောင်းမွန်စေရန် ကားလမ်းများကို တောင်နှင့်မြောက် အလျားလိုက်လမ်းများသာမက အရှေ့နှင့်အနောက် ဆက်သွယ်သွားလာနိုင်သည့် ကန့်လန့်ဖြတ်လမ်းများကိုပါ ကွန်ရက်သဖွယ် ဖောက်လုပ်ပေးထားသဖြင့် ပြည်နယ်နှင့်တိုင်းအားလုံးသို့ လွယ်ကူမြန်ဆန်စွာဖြင့် ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်ကြောင်း။

အလားတူ အမျိုးသားရထားလမ်း ကွန်ရက်များကိုလည်း ပြည်နယ်နှင့်တိုင်းအားလုံးဆက်စပ်လွှမ်းခြုံအောင် တိုးချဲ့တည်ဆောက်ပေးထားကြောင်း။

ကားလမ်းနှင့်ရထားလမ်းများ တိုးချဲ့တည်ဆောက်မှုနှင့်အတူ မြစ်ကူးချောင်းကူးတံတားကြီးများကိုလည်း တည်ဆောက်ပေးလျက်ရှိကြောင်း။

အဆင့်မြှင့်တင်

နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံထူထောင်ရေးဖြစ်သည့်အတွက် စာမတတ်သူ၊ ပညာမတတ်သူများနှင့် ထူထောင်၍မရသဖြင့် လူတိုင်း အခြေခံပညာ တတ်မြောက်စေရန် အခြေခံပညာကဏ္ဍတွင် ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့အတူ အသိပညာရှင်၊ အတတ်ပညာရှင်နှင့် နည်းပညာရှင်များစသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးအတွက်လည်း ဘားအံမြို့အပါအဝင်

အချက်အချာကျသည့် ဒေသကြီး ၂၄ခုတွင် ဝိဇ္ဇာ
တက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တစ်ခုစီတို့
အရည်အသွေးမြင့်မားသည့် ဆရာ ဆရာမများကို
ခဲ့ကြောင်း။

အလွယ်တကူ

ယင်းသို့ ဆောင်ရွက်ပေးထားသဖြင့် ကိုယ့်ဒေ
ပညာများကို အလွယ်တကူ သင်ယူနိုင်ကြပြီဖြစ်

ကျန်းမာကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်
ဆေးရုံ ဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊
ဆောင်ရွက်ပေးခဲ့ရာ ဘားအံမြို့တွင်လည်း ခုတင် (
ဖွင့်လှစ်ပေးခဲ့ပြီး အထူးကုဆရာဝန်များကိုပါ ခန့်
မှာပင် ထိရောက်သော ဆေးဝါးကုသမှုကို ခံယ

လက်တွေ့အကျိုးခံစား

နိုင်ငံတော်အစိုးရက နေ့မအား ညမနား ကြိုး
ကဲ့သို့ ဖြစ်ပေါ်လာသည့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံ
လက်တွေ့အကျိုးခံစားနေကြရသည်ကို တွေ့မြင်

နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့ ဖွံ့ဖြိုးတိ
ကို တည်ဆောက်ပေးလျက်ရှိသကဲ့သို့ တစ်ဖက်မ
သိမ်မွေ့ညင်သာစွာ ကူးပြောင်းနိုင်ရန် မူဝါဒလမ်းစ
အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပ
တရားမျှတသည့် ရွေးကောက်ပွဲကို ၂၀၁၀ခုနှစ်အတ



ရွှေကျင် ရေအားလျှပ်စစ် စီမံကိန်း

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရွှေကျင်မြို့နယ်ရှိ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ပြီးစီးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အချက်အချာကျသည့် ဒေသကြီး ၂၄ခုတွင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တစ်ခုစီတို့ကို ထူထောင်ဖွင့်လှစ်ပေးပြီး အရည်အသွေးမြင့်မားသည့် ဆရာ ဆရာမများကိုပါ ခန့်အပ်တာဝန်ပေးထားခဲ့ကြောင်း။

အလွယ်တကူ

ယင်းသို့ ဆောင်ရွက်ပေးထားသဖြင့် ကိုယ့်ဒေသအတွင်းမှာပင် အဆင့်မြင့်ပညာများကို အလွယ်တကူ သင်ယူနိုင်ကြပြီဖြစ်ကြောင်း။

ကျန်းမာကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်စေရေးအတွက် ဆေးရုံ ဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရာ ဘားအံမြို့တွင်လည်း ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို ဖွင့်လှစ်ပေးခဲ့ပြီး အထူးကုဆရာဝန်များကိုပါ ခန့်ထားပေးခဲ့၍ မိမိဒေသအတွင်းမှာပင် ထိရောက်သော ဆေးဝါးကုသမှုကို ခံယူနိုင်ကြပြီဖြစ်ကြောင်း။

လက်တွေ့အကျိုးခံစား

နိုင်ငံတော်အစိုးရက နေ့မအား ညမနား ကြိုးစားဆောင်ရွက်ပေးခဲ့၍ ယခုကဲ့သို့ ဖြစ်ပေါ်လာသည့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို ပြည်သူများ လက်တွေ့အကျိုးခံစားနေကြရသည်ကို တွေ့မြင်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို တည်ဆောက်ပေးလျက်ရှိသကဲ့သို့ တစ်ဖက်မှာလည်း ဒီမိုကရေစီစနစ်ကို သိမ်မွေ့ညင်သာစွာ ကူးပြောင်းနိုင်ရန် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပဉ္စမအဆင့်ဖြစ်သည့် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကို ၂၀၁၀ခုနှစ်အတွင်း ကျင်းပပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး နိုင်ငံသားတိုင်း နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါးကို လက်ခံယုံကြည်ပြီး ကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရေး။

ထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော်မှ တည်ဆောက်ပေးထားသည့် ဖွံ့ဖြိုးမှု အခြေခံကောင်းများအပေါ် မိမိတို့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်ရေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘားအံမြို့ ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင်အလှူငွေကျပ် သိန်း ၁၀၀ကို ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဌေးနောင်ထံပေးအပ်ပြီး မြို့မိမြို့ဖများအား အဝတ်အထည်နှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်၍ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘားအံမြို့၏ ဖွံ့ဖြိုးစည်ပင်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိသည်။

(သတင်းစဉ်)



တောင်ငူမြို့၏ အရှေ့ဘက် ၁၄ မိုင်ခန့်အကွာရှိ သောက်ရေခပ်ချောင်းပေါ်၌ တည်ရှိသော သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းကို တွေ့ရစဉ်။

(သတင်းစဉ်)

လရောင်အောက်က အလှဖြာဝေ ထွန်းတောက်ခဲ့သည့် ကိုကိုးကျွန်းခရီးတစ်ခေါက်

ခရီးသွားအက်ဆေးနှင့် ဓာတ်ပုံမှတ်တမ်း-မကုံကော် ❖ စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

နေပြည်တော် မတ် ၂၉

အရှေ့ဘက်၌ ကပ္ပလီပင်လယ်၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ ရေပတ်လည်ဝန်းရံနေသည့် ကိုကိုးကျွန်း၊ ပင်လယ်ရေအောက်မှ ထိုးထွက်လာသော အနောက်ရိုးမတောင်တန်း၏ အဆက်အနွယ်တစ်ခု။ ကိုကိုးကျွန်းသည် တောင်မြောက် ခုနစ်မိုင်နှင့် အရှေ့အနောက် သုံးမိုင်ခန့်ရှိ၍ စတုရန်းမိုင်ပေါင်း မိုင် ၂၀ ခန့်ကျယ်ဝန်းသော ကျွန်းငယ်ကလေးဖြစ်သည်။ ကိုကိုးကျွန်းသို့ မကြာမီက စေတနာပန်းများ ဖြန့်ဝေရန် ခရီးထွက်ဖြစ်ခဲ့သည်။

သဘာဝအလှတရား

ကိုကိုးကျွန်းမှာ စိတ်ဝင်စားဖွယ် နောက်ခံသမိုင်းကြောင်းများရှိပြီး မြေပေါ်ရေအောက် သယံဇာတများဖြင့် ပြည့်နှက်ဝေဆာနေသော၊ ယနေ့ထက်တိုင် ပျက်စီးယိုယွင်းခြင်းမရှိ၊ လွန်စွာသန့်စင်နေသေးသော သဘာဝအလှတရားတို့ ပိုင်ဆိုင်ထားပါသည်။ လမ်းပန်းဆက်သွယ်မှု အခက်အခဲနှင့် သီးခြားရပ်တည်နေသော ကျွန်းကလေးဖြစ်နေခြင်းကြောင့် ကိုကိုးကျွန်း၏ သဘာဝအလှတရားနှင့် အဖိုးတန်သည့် မြန်မာ့ရေသယံဇာတများကို လူသိနည်းနေခဲ့ပြီး မြင်တွေ့ခံစားဖူးသူမှာမူ ပို၍နည်းနေသည်။ ပင်လယ်ရေအောက်တွင် သဘာဝသန္တာကျောက်တန်းများနှင့် ပင်လယ်ရေ၏အရောင်သည် ကမ်းခြေတွင် အစိမ်းရောင်၊ ကမ်းလွန်တွင် ကြည်လင်သော အပြာရောင်နှင့် အပြာရင့်ရောင်တို့ဖြင့် သဘာဝ၏ဆေးခြယ်မှုက တိကျသေသပ်နေသည်။ ကိုကိုးကျွန်းဒေသ၏ ပင်လယ်ရေ အကြည်နှုန်းသည် ပေ ၄၀ခန့်အထိပင် ထိုးဖောက်မြင်နိုင်သည်။ သဘာဝတရားတို့သည် လူတို့အတွက် အကျိုးပြုသော်လည်း ၎င်းသဘာဝတရားကိုမူ လူတို့ကသာ ဖျက်ဆီးတတ်ကြသည်။ ထို့ကြောင့်ပင်လော မပြောတတ်။ လူသူအရောက်အပေါက် နည်းရာ ကိုကိုးကျွန်း၏ ပတ်ဝန်းကျင်အလှသည် သဘာဝတရားအလှပန်းချီ တစ်ချပ်၏ မမီ ဖြစ်နေပါတော့သည်။

မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်က "သံလွင် ပင်လယ်ကူး သင်္ဘောကြီးဖြင့် ၂၀၀၉ခုနှစ်ကစ၍ ကိုကိုးကျွန်းခရီးစဉ် ပြေးဆွဲခဲ့သည်မှာ တတိယမြောက်ဖြစ်ပါကြောင်း၊ တစ်ခေါက်ထက်တစ်ခေါက် အဆင်ပိုပြေအောင် အားနည်းချက်များ ပြုပြင်ပြီး အားသာချက်များကို ထပ်မံဖြည့်တင်းခဲ့ပါကြောင်း၊ မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်းမှ ကိုကိုးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်ပြီး နိုင်ငံတော်မှ အစုံးခံပြေးဆွဲပေးခဲ့ကြောင်း၊ ယခုသတ်မှတ်ထားသော ခရီးစရိတ်မှာ သင်္ဘောဆီဖိုး သက်သက်မျှသာဖြစ်ပြီး စက်ပစ္စည်းနှင့် ဝန်ထမ်းတို့၏ စရိတ်စကထည့်မတွက်ဘဲ ပြည်သူများလှေလာရေး အထောက်အကူ ဖြစ်စေရေးနှင့် ကိုကိုးကျွန်းဒေသဖွံ့ဖြိုးရေးအတွက် ဖြစ်ပါကြောင်း၊ ကိုကိုးကျွန်းတွင် ကမ္ဘာမှာ ရှားပါးနေပြီဖြစ်တဲ့ သဘာဝသန္တာကျောက်တန်းကြီးများရှိပြီး ရေအောက်ငါးသယံဇာတနဲ့ တကယ့် Blue Sea ကို မြင်တွေ့ရမှာဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ သဘာဝအလှတရားများကို သက်သာစွာနဲ့ ခံစားကြရမှာဖြစ်ပါကြောင်း၊ နိုင်ငံတကာမှာဆိုလျှင် သဘာဝရေအောက်သယံဇာတများနှင့် သန္တာကျောက်တန်းများကို ကြည့်ရှုခံစားနိုင်ဖို့ တန်ဖိုးများစွာကျခံရကြောင်း" စသည်ဖြင့် ပြောကြားခဲ့သည်။



ကြည်နူးဖွယ်

၂၇-၁-၂၀၁၀ရက် နံနက် ၇နာရီမှာ ကိုကိုးကျွန်းခရီးစဉ် စတင်ထွက်ခွာခဲ့သည်။ သံလွင်သင်္ဘောကြီးဟာ သီချင်းတွေထဲက အတိုင်း သန့်ရှင်းသပ်ရပ်နေပြီး နွေးထွေးစေခဲ့လို့ မိမိအိမ်ကဲ့သို့ပင် လုံခြုံစိတ်ချစိတ်များ ဖြစ်ပေါ်မိသည်။ ရာသီဥတုကလည်း သာယာ၊ လှိုင်းလေကလည်းငြိမ်မို့ သင်္ဘောကြီးစီးရတာ တကယ့်ကို သက်သောင့်သက်သာဖြစ်ပါသည်။ နံနက် ၁၀နာရီတွင် စတင်ထွက်ခဲ့ပြီး ညနေ ၄နာရီခန့်မှာတော့ သင်္ဘောကုန်းပတ် တစ်နေရာကို ဖျာတွေခင်းပြီး ကျွန်းပေါ်မှာ သင်တန်းပေးမည့် ပန်းပွင့်ပန်းခိုင်ပြုလုပ်နည်း၊ သင်တန်းသူတွေအထောက်အကူဖြစ်စေဖို့ ပစ္စည်းတွေ ခွဲဝေထုပ်ပိုးကြ၊ ကျွန်းပေါ်က ဘုန်းတော်ကြီးကျောင်းအတွက် ကြာပွင့်ကြီးနှစ်အိုး ပြုလုပ်လှူဒါန်းဖို့ လုပ်အားပေးကြနဲ့ ကျွန်မတို့အသင်းရဲ့စည်းလုံးမှု၊ တက်ကြွမှု၊ ညီညာမှုကတော့ အံ့မခန်းပဲနော်လို့ ခရီးစဉ်မှာ အတူပါလာသော အလှူရှင်တစ်ဦးက မှတ်ချက်ချခဲ့ပါသည်။ သင်္ဘောပေါ်ပါလာတဲ့ ခရီးသည်အချို့လည်း စိတ်ဝင်စားစွာနဲ့လာကြည့်ကြ၊ လာကြည့်ရင်း သင်ပေးလိုက်တဲ့ သူတွေကလည်း ခဏအတွင်းပြုလုပ်တတ်လို့ ပျော်ရွှင်ကြည်နူးမှု မြင်ကွင်းက ကြည်နူးဖွယ် ဖြစ်နေခဲ့ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှု

မနက်မိုးလင်းခါနီးတွင် လှိုင်းအနည်းငယ် ရိုက်ခတ်တာကြောင့် ပင်လယ်လှိုင်းစီးတဲ့ အရသာကို ခံစားမိခဲ့သည်။ ရေစုန်လေစုန်နှင့် ကြုံကြိုက်သည်မို့ သတ်မှတ်ချိန်ထက်စောပြီး ဝင်ရောက်ခဲ့ကြောင်း ကပ္ပတိန်ကြီးမှ ပြောကြားခဲ့ပြီး ၂၈-၁-၂၀၁၀ရက် နံနက် ၈နာရီတွင် ကိုကိုးကျွန်းသို့ ရောက်ရှိခဲ့ကြသည်။ သင်္ဘောပေါ်မှ ကျွန်းပေါ်သို့ ဒေသခံစက်တပ်လှေများဖြင့် တပ်မတော်သားများက အန္တရာယ်ကင်းစွာ ပို့ဆောင်ပေးခဲ့ကြသည်။ တည်းခိုစရာ နေရာအသီးသီးယူကြတော့ ကျွန်မတို့က စာသင်ကျောင်းမှာ နေရာယူဖြစ်ကြသည်။ မိမိနေရာချပြီးသည်နှင့် ကျွန်းပေါ်သို့ လျှောက် မလည်အားပါ။ ညနေ ၃နာရီတွင် မျက်စိကျွမ်းကျင်နှင့် တိုင်းရင်းဆေးမှ ဆရာမကြီး ဒေါ်သန်းသန်းမြင့် ဦးဆောင်သော တိုင်းရင်းဆေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုနှင့် တိုင်းရင်းဆေး အခြေခံအသုံးဝင်ပုံတွေ ဟောပြောပွဲနှင့် ပညာပေးမှုကို ဆေးရုံမှာ ပြုလုပ်ကြမည်ဖြစ်သည်။

ညအမှောင်ပျိုးလို့ လရောင်ကလည်း တိုး၍သာနေသည်။ မနက်ဖြန် လပြည့်နေ့မို့လို့ ဒီည နှမ်းမနဲ ထိုးကြမည်။ ထိုးပြီးရလာသော နှမ်းမနဲကို တစ်ကျွန်းလုံးက စားလိုသူတွေ ဝေငှကြမည်၊ မနက်ဖြန် လပြည့်နေ့ နံနက်အရုဏ်မှာ တိုင်းမှူးနှင့် ဇနီးက ဘုရားအဆူ ၅၀ လှူဒါန်းမည်မို့ ၎င်းဘုရားများကို အနေကဇာတင်ပြီး နှမ်းမနဲ မုန့်ဆွမ်း၊ မုန့်ဟင်းခါးချက်၍ ဆွမ်းကပ်ကြမည်ဖြစ်သည်။

မီးပုံပွဲမှ မီးတောက်မီးလျှံများက အနားက တီးဝိုင်းရဲ့ စည်းချက်နဲ့အညီကနေတဲ့အလား ဟန်ချက်ညီညီတောက်လောင်ပြီး ကမ်းခြေမှာ လင်းထိန်လို့နေသည်။ မလှမ်းမကမ်း အုန်းတောအောက်တွင် လက်ခုပ်သံတညံညံ အားပေးသံတသောသောနဲ့ နှမ်းမနဲ ထိုးပြိုင်နေပါတော့သည်။ ကိုကိုးကျွန်းမြို့ ထွေအုပ်မိသားစု၊ ရဲတပ်ရင်း၊ မြို့နယ်၊ ရပ်ကွက် စသည်ဖြင့် အသင်းအဖွဲ့ငါးဖွဲ့မှ ယှဉ်ပြိုင်နေကြသည်။ နှမ်းမနဲထိုးပြီးလျှင် ယူဖို့ကလေးများ၊ မြို့နေလူထုကလည်း ဝိုင်းအုံလျက် အားပေးနေကြသည်။ တစ်ဖွဲ့တစ်ဖွဲ့စီမှ စီခနဲ ဝါးခနဲ အသံတွေက မြို့နေပြည်သူများဘယ်လောက်ရွှင်မြူးနေသလဲ မေးစရာပင် လိုအုံ့ မထင်။ တီးဝိုင်းအဖွဲ့ ဖျော်ဖြေနေချိန်တွင် မီးပုံပွဲကမီးလျှံတွေက မိုးထိအောင်အထက်သို့ တလျှံလျှံတညီးညီး တောက်လောင်နေသည်။ နှမ်းမနဲအိုးတွေ တစ်အိုးပြီးတစ်အိုး နပ်ကုန်ကြသည်။ လက်ဖြန့်တောင်းသူတို့ သူ့ထက်ငါ တိုးဝှေ့နေကြသည်။ ပထမ၊ ဒုတိယ၊ တတိယအဖွဲ့တွေ ရွေးချယ်ပြီးရလာသောနှမ်းမနဲများ ပြည်သူများကိုဝေဖို့ ကြိုတင် ပြင်ဆင်ထားတဲ့ ၄က်ပျော့ရွက်တွေနဲ့ ထုပ်ကြရသည်။ ထုပ်တဲ့သူက ထုပ်၊ ဝေတဲ့သူက ဝေနဲ့ထုပ်၍မနိုင်အောင် မြို့လုံးကျွတ်မျှ အားပေးနေကြသည်။ တီးဝိုင်းအနားမှာ အားပေး နေသူတွေကို လိုက်၍ ဝေငှလိုက်ကြသည်။ တီးဝိုင်းကိုအားပေးရင်း နှမ်းမနဲတွေ ကိုယ်စီ စားနေကြတာ အဝေးကနေ လှမ်းကြည့်နေတဲ့ ကျွန်မကိုရော၊ ကောင်းကင်ပေါ်က လမင်းကြီးကိုရော မည်သူမျှ သတိမထားမိကြ။

ဩော်.... ကြည်နူးပီတိဝေခဲ့ရသည့် ညပါပေ။

ခြယ်သနိုင်

ကောင်းကင်မှ လမင်းကြီးက လပြည့်ညပီသစွာ ဝိုင်းစက်လင်းထိန်နေသည်။ မီးပုံပွဲမှ မီးတောက်မီးလျှံတို့က အုန်းတောကြီးကို အလင်းဆောင်လို့ အနွေးဓာတ်ပါလွှမ်းခြုံပေးနေသည်။ မြို့နေပြည်သူများကို တီးဝိုင်းက ဖျော်ဖြေလို့ ပျော်တဲ့အပျော်ထက် နေ့လယ်က ဝမ်းသာပီတိလှိုင်းတို့ ရိုက်ခတ်မှုကသာ၍နေသည်။ ကောင်းကင်မှာ လမင်းတစ်စင်းသာ၍နေသည်။ ကိုကိုးကျွန်းပေါ်ရှိ လူတိုင်း ရင်ထဲတွင် လမင်းသာနေသည်ကို ကျွန်မအတတ်ပြောနိုင်ပါသည်။ ကျွန်မတို့အဖွဲ့ ရင်ထဲကလမင်းများက သက်သေပြုပေလိမ့်မည်။ ဒီလို လမင်းများသာစေချင်ပါသည်။ ကိုကိုးကျွန်းခရီးစဉ်မှ ကြည်နူးပီတိ ဖြစ်ခဲ့ရမှုများက အတိုင်းအဆမဲ့စွာ ကိုကိုးကျွန်းအလှကို ပိုမိုလှပအောင် ခြယ်သနိုင်ခဲ့ပြီဟု တွေးနေမိတော့သည်။ ။

အစဉ်ရှေးရှ ယဉ်ကျေးမှု ဂုဏ်ပြုညွှန်းဆို ဒို့တက္ကသိုလ်

မင်းဗေဒါ(ပွင့်ဖြူ)

၂၀၁၀ ခုနှစ် မတ်လ ၂၁ရက်နေ့တွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ်(ရန်ကုန်)တွင် အနုပညာသင်ထောက်ကူ စတူဒီယိုသစ်ကြီးကို အောင်မြင်စွာဖွင့်လှစ်နိုင်လိုက်ပြီဖြစ်သည်။ ရုပ်ရှင်၊ ပြဇာတ်၊ ရုပ်မြင်သံကြား ရိုက်ကူးထုတ်လုပ်ခြင်းဆိုင်ရာ ဇာတ်လမ်းဇာတ်ညွှန်းပညာ၊ ဒါရိုက်တာပညာ၊ ဓာတ်ပုံပညာ၊ သရုပ်ဆောင်ပညာ၊ တည်းဖြတ်ပညာရပ်များကို ဤစတူဒီယိုသစ်ကြီးတွင် လက်တွေ့သင်ယူ လေ့ကျင့်နိုင်တော့မည်ဖြစ်သည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ကို မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဖော်ထုတ်ထိန်းသိမ်းရေးဟူသည့် ဦးတည်ချက်များဖြင့် ၁၉၉၃ခုနှစ် စက်တင်ဘာလ ၂၄ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ဤတက္ကသိုလ်သို့တက်နိုင်ရန် နှစ်စဉ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သတင်းစာမှ ကြေညာကာ ကျောင်းသားသစ်များ ခေါ်ယူသည်။ သင်တန်းဝင်ခွင့် အရည်အချင်းသတ်မှတ်ချက်နှင့်အညီ ကိုက်ညီသူများကို ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က လူတွေ့စစ်ဆေးသည်။ အနုပညာ ပင်ကိုအရည်အသွေးရှိကာ အနုပညာ ဗီဇကောင်းမွန်ပြီး ဝါသနာကြီးမားသူတို့ကို ကျောင်းသားအဖြစ် လက်ခံသင်ကြားပေးသည်။ သင်တန်းကာလ သုံးနှစ်ဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များဖြစ်သည့် ပန်းချီ၊ ပန်းပု၊ ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာရပ်များကို မြန်မာစာ၊ အင်္ဂလိပ်စာ၊ မြန်မာ့ယဉ်ကျေးမှုသမိုင်း၊ နိုင်ငံသမိုင်းဘာသာရပ်များနှင့် တွဲဖက်လျက် စာတွေ့ လက်တွေ့သင်ကြားပေးသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် (မန္တလေး)တွင် ဖွင့်လှစ်ခဲ့သည့် ၁၇နှစ်တာကာလအတွင်း အမိတက္ကသိုလ်ကြီးမှ နိုင်ငံနှင့် လူမျိုးဂုဏ်ယူလောက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ အနုပညာရှင်များကို အောင်မြင်စွာ မွေးထုတ်ပေးနိုင်ခဲ့ပြီး အနုပညာဘာသာရပ်အလိုက် ဘွဲ့၊ ဒီဂရီ၊ ဂုဏ်ထူးဆောင်ဘွဲ့များ ထိုက်တန်စွာ ပေးအပ်ချီးမြှင့်နိုင်ခဲ့ပြီး ဖြစ်သည်။

ကျောင်းသူ၊ ကျောင်းသားများသည် ဘွဲ့အသီးသီး ရရှိသွားပြီးနောက် "ယဉ်ကျေးမှုကို ထိန်းသိမ်းခြင်းသည် ပြည်ထောင်စုကြီးကို ထိန်းသိမ်းစောင့်ရှောက်ခြင်းပင်ဖြစ်သည်" ဟူသော အခြေခံအသိတရားများနှင့်အညီ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ကြောင်း တွေ့ရသည်။ ထင်ရှားမြင်သာသော သာဓကကိုဆောင်ရလျှင် နှစ်စဉ်နိုင်ငံတော်မှ ကြီးမှူးကျင်းပနေသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများတွင် ဤတက္ကသိုလ်မှ ကျောင်းသားများ၊ ကျောင်းဆင်း ဘွဲ့ရလူငယ်များ အဆင့်အလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ နှစ်စဉ်ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိခဲ့သည်ကို မြင်တွေ့နိုင်လေသည်။ ဤကဲ့သို့ပင် ယဉ်ကျေးမှုရေးရာ နေရာဌာန လုပ်ငန်းခွင်အသီးသီးတွင် မိမိကျွမ်းကျင်ရာ အနုပညာဘာသာရပ်များဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးကို စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နေကြသည်မှာ အားတက်ဂုဏ်ယူဖွယ် ကောင်းလှသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၏ဂုဏ်ကို ပိုမိုပြည့်စုံစေရန် ၂၀၀၇ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်၌ ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာနကို တိုးချဲ့ဖွင့်လှစ် သင်ကြားပေးခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် ပထမအကြိမ် ဝိဇ္ဇာဘွဲ့ (ရုပ်ရှင်နှင့်ပြဇာတ်)ကို ပေးအပ်ချီးမြှင့်နိုင်ခဲ့ပြီး ဖြစ်သည်။ ယခုအခါ စာတွေ့သီအိုရီများနှင့် လက်တွေ့ ရိုက်ကူးထုတ်လုပ်မှု အပိုင်းတို့ကို ဟန်ချက်ညီညီ ပေါင်းစပ်နိုင်ရန် သင်ထောက်ကူစတူဒီယိုကြီးကို တည်ဆောက်ဖွင့်လှစ်လိုက်ခြင်း ဖြစ်သည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ အနုပညာဌာန စတူဒီယိုသစ်ကြီးသည် အလျား ၁၀၂ပေ၊ အနံ ပေ ၈၀၊ အမြင့်ပေ ၃၀ရှိပြီး ကျောင်းမြေဧရိယာအတွင်း တည်ဆောက်ထားသည်။ Main Studio, Chroma Studio, Preview Room, Control Room ဟူသည့် ခန်းမကြီး လေးခုပါဝင်သည်။ ဤခန်းမကြီးများနှင့် ဆက်စပ်လျက် စက်မှုအင်ဂျင်နီယာအခန်း၊ တည်းဖြတ်နှင့် ဂရပ်ဖစ်ဒီဇိုင်း ကွန်ပျူတာခန်းများ၊ အစည်းအဝေးခန်း၊ အမျိုးသား၊ အမျိုးသမီးမိတ်ကပ်ခန်းများ၊ အဝတ်လဲခန်းများ၊ ရုံးခန်းများ စသည်ဖြင့် စတူဒီယို အဆောက်အအုံအတွင်း အခန်းပေါင်း ၁၇ခန်း ဖွဲ့စည်းထားရှိသည်။ သက်ဆိုင်ရာအခန်းအလိုက် ရုပ်ရှင်နှင့် ရုပ်မြင်သံကြား Indoor ရိုက်ကူးရေးဆိုင်ရာ ဒစ်ဂျစ်တယ်ကင်မရာများ၊ ဆလိုက်မီးမောင်းများ၊ ကွန်ပျူတာများ၊ ဆက်စပ်ပစ္စည်းများအားလုံး ပြည့်စုံစွာ တပ်ဆင်ထားရှိသည်။ ခေတ်မီဒစ်ဂျစ်တယ်စက်ပစ္စည်းများ တပ်ဆင်ထားသည်ဖြစ်၍ နိုင်ငံတကာအဆင့်မီ သင်ကြားမှုနှင့် သင်ယူမှုကို ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

သင်ကြားရေးအပိုင်း၌လည်း အနုပညာဘာသာရပ်အသီးသီး၌ လုပ်သက်ရှိပြီး အတွေ့အကြုံရင့်ကျက်သည့် ဆရာ၊ ဆရာမများကို ခန့်ထားပေးပြီး ဖြစ်သည်။ ယခုဖွင့်လှစ်လိုက်သည့် စတူဒီယိုသစ်ကြီးသည် အနုပညာဘာသာရပ်များ လက်တွေ့သင်ကြားမှုနှင့် သင်ယူမှုအထောက်အကူပြုရုံသာမက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အစီအစဉ်များ ရိုက်ကူးထုတ်လုပ်ရေး၌လည်း ထိရောက်စွာ အသုံးပြုဆောင်ရွက်နိုင်မည် ဖြစ်သည်။

မျက်မှောက်ကာလတွင် အင်အားကြီးနိုင်ငံအချို့က "ဗဟုယဉ်ကျေးမှု လူ့အဖွဲ့အစည်း" ဟုဆိုကာ ယဉ်ကျေးမှုလွှမ်းမိုးရန် ကြံစည်နေကြချိန်တွင် လွတ်လပ်သော နိုင်ငံတိုင်းသည် အမျိုးသားယဉ်ကျေးမှု ကိုယ်ခံအားကောင်းရန် ကြိုးပမ်းနေကြရသည်။ လူထုဆက်သွယ်ရေး မီဒီယာများမှတစ်ဆင့် စိမ့်ဝင်ထိုးဖောက် ဝင်ရောက်လာသော တိုင်းတစ်ပါး ယဉ်ကျေးမှု၏ ပျံ့နှံ့အားမှာ မြန်ဆန်လွန်းလှသည်။ မိမိတို့ဘက်မှ အကာအကွယ်ကင်းမဲ့နေလျှင် (သို့မဟုတ်) ကာကွယ်မည့် သူကင်းမဲ့နေလျှင် မိမိယဉ်ကျေးမှု လွှမ်းမိုးဝါးမျိုခံရမည်မှာ သေချာလှသည်။

ယနေ့ပင်လျှင် ကျွန်ုပ်တို့ မြင်တွေ့ ကြားသိနေရသော တွေးခေါ်လုပ်ကိုင်မှု၊ သွားလာနေထိုင်မှု၊ ဝတ်စားဆင်ယင်မှု ပုံစံများသည် မြင်နေကျပုံစံများ မဟုတ်တော့သည်ကို သတိထားကြည့်မိစေချင်ပါသည်။ တစ်နည်းအားဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် မဆီလျော်သော ပုံစံများအဖြစ် တရွေ့ရွေ့ပြောင်းလဲလာသည်ကို သတိမူစေချင်ပါသည်။ ယနေ့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများသည် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်မြှင့်တင်ကြမည့် ယဉ်ကျေးမှုစစ်မျက်နှာမှ ရှေ့တန်းသူရဲကောင်းများအဖြစ် ဂုဏ်တင်ချင်သည်။ သူတို့သည် 'ယဉ်ကျေးလိမ္မာ မျိုးမြန်မာ' ဟူသည့် အမိတက္ကသိုလ်၏ ဆောင်ပုဒ်နှင့်အညီ ကိုယ်တိုင်လည်း ယဉ်ကျေးလိမ္မာသူများဖြစ်အောင်၊ တစ်ပါးသူအားလည်း ယဉ်ကျေးလိမ္မာအောင် ကြိုးပမ်းဆောင်ရွက်နေကြသည်။

'ကျွန်ုပ်တို့သည် မြန်မာ့ယဉ်ကျေးမှုကို အသက်ထက်ဆုံး စောင့်ထိန်းပါမည်' ဟူသော အမိတက္ကသိုလ်၏ သန္နိဋ္ဌာန်နှင့်အညီ မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ ရိုးရာအဆို၊ အက၊ အရေး၊ အတီးပညာများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ကိုယ်တိုင်ထိန်းသိမ်းစောင့်ရှောက်ပြီး တစ်ပါးသူများကိုလည်း ထိန်းသိမ်းစောင့်ရှောက်တတ်အောင် လမ်းပြစွမ်းဆောင်ပေးနိုင်ကြပြီဖြစ်သည်။

'နိုင်ငံဂုဏ်ပြု ယဉ်ကျေးမှု' ဟူသော ဆောင်ပုဒ်နှင့်အညီ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ ပညာရပ်များ ထွန်းကားပြန့်ပွားရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက် ခေတ်မီစတူဒီယိုသစ်ကြီးက အားသစ်လောင်း အားဖြည့်လျက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်နေပြီဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။ ။

နေပြည်တော်မဟာသင်္ကြန်
Tour Gold Cup ဖလား
ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် မတ် ၂၉

နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၄ရက်မှ ၁၆ရက်အထိ နေပြည်တော် ဂေါက်ကွင်း၊ မြို့တော်ဂေါက်ကွင်းနှင့် Royal Myanma ဂေါက်ကွင်းတို့၌ တစ်ကွင်းတစ်ရက်စီဖြင့် သုံးရက် ကျင်းပမည်ဖြစ်သည်။

ထိုက်ထိုက်တန်တန်

ပြိုင်ပွဲတွင် ရွှေ၊ ငွေအဆင့် အသင်းလိုက်ပြိုင်ပွဲနှင့် ရွှေ၊ ငွေအဆင့် တစ်ဦးချင်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဆုများအနေဖြင့် နေ့စဉ်ကွင်းအလိုက် ကျင်းပမည့် ပြိုင်ပွဲများတွင် အသင်းလိုက် ပထမ၊ ဒုတိယဆုများနှင့် တစ်ဦးချင်း ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုများကိုလည်း ကွင်းအလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ဂေါက်ကွင်း တစ်ကွင်းတွင် တစ်ရက်စီဖြင့် သုံးရက်ယှဉ်ပြိုင်ကစားပြီးပါက အကောင်းဆုံးအသင်းအတွက် နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဖလားနှင့် အားကစားသမားတစ်ဦးချင်းကိုလည်း ရွှေသားရုပ်တု တစ်ဆုနှင့် ငွေကျပ် ၁၀သိန်းစီ အပြင်၊ ဒုတိယရရှိသည့် အသင်းအား တစ်ဦးချင်း ငွေသားရုပ်တု တစ်ဆုနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သုံးရက်ပေါင်း တစ်ဦးချင်း အကောင်းဆုံးအားကစား သမားအား ရွှေသားရုပ်တုတစ်ဆုနှင့် ငွေကျပ်၁၀သိန်း၊ ဒုတိယဆုရရှိသည့် အားကစားသမားအား ငွေသားရုပ်တု တစ်ဆုနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်ပေးမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်နိုင်

ပြိုင်ပွဲဝင်အသင်းတစ်သင်းစီတွင် အားကစားသမား ခြောက်ဦးပါဝင်ရမည်ဖြစ်ပြီး Pro အားကစားသမား နှစ်ဦးအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲတွင် အားကစားသမားအားလုံးအနေဖြင့်လည်း အကျော့ပေး သတ်မှတ်ချက် (Handicap Zero) ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းအနေဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ သတ်မှတ်ထားသော စည်းကမ်းများနှင့် ကွင်းအလိုက် သတ်မှတ်ထားသည့် ဒေသန္တရစည်းမျဉ်း ဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက်အားကစားသမားများ၏ အမည်စာရင်းကို ဧပြီ၈ရက် နောက်ဆုံး ထား၍ နေပြည်တော် မြို့တော်ဝန်ရုံး ဖုန်း-၀၆၇-၄၁၄၆၁၀၊ ၄၁၄၂၈၉တို့သို့ ပေးပို့ရမည်ဖြစ်သည်။ (သတင်းစဉ်)

● *ကျော့ဖုံးမှ*

ငွေဆောင်ကမ်းခြေသည် အပန်းဖြေ ကမ်းခြေအဖြစ်သာမက ဒေသခံတို့၏ လူမှုစီးပွား ဘဝပါ မြင့်မားလျက်ရှိနေပြီဖြစ်ရာ ငွေဆောင်၏ သဘာဝ အလှတရားများက ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားဖွယ်၊ နှစ်သက်ကြည်နူးဖွယ် ဆွဲဆောင်နိုင်လျက် ရှိသည်။

ဝင့်ဝင့်ထည်ထည်

ပင်လယ်ရေပြင်ပြာပြာနှင့် ကြည်လင်နေသော လှိုင်းလုံးကြီးများ ရိုက်ခတ်လာသည့် ကမ်းခြေတစ်လျှောက်၌ အလှချင်းပြိုင်နေသည့် ဟိုတယ်များကလည်း ဝင့်ဝင့်ထည်ထည် တည်ရှိ၍ နေပေသည်။

ငွေဆောင်ကမ်းခြေသည် ဧရိယာ ကိုးမိုင်ခွဲရှည်သဖြင့် တိတ်ဆိတ်ငြိမ်သက်လျက်ရှိရာ ကမ္ဘာလှည့်ခရီးသည်များက ကမ်းခြေအရှည်ကို နှစ်သက်လျက်ရှိကြသည်။ သဘာဝတောတောင် သဘာဝရှုမျှော်ခင်းအဖြစ် ၂၁ မိုင်ရှိ ဆင်စခန်းများသို့ သွားရောက်လေ့လာအပန်းဖြေနိုင်ပေသည်။

တိုးတက်လျက်ရှိ

ငွေဆောင်ရှိ ဒေသခံပြည်သူများသည် ငါးဖမ်းခြင်းလုပ်ငန်းအပြင် စိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံလုပ်ငန်း၊ ကမ်းခြေဟိုတယ်များနှင့် ပတ်သက်၍ သယ်ယူပို့ဆောင်ရေး လုပ်ငန်းနှင့် အမှတ်တရပစ္စည်း အရောင်းဆိုင်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ စီးပွားရေး ဖွံ့ဖြိုးပြီး လူမှုစီးပွားဘဝ အဆင့်အတန်းပါ တိုးတက်လျက်ရှိပေပြီ။

ထာဝရလှပ

ဤကဲ့သို့ ဖွံ့ဖြိုးဝေစည် အလှပသာဒတို့ဖြင့် ပြည့်စုံနေသည့် ငွေဆောင်သည် မြန်မာ့အလှသဘာဝတွင် ထာဝရလှပလို့နေပေတော့မည်ဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကောင်းမြတ်သူ - ရှာဖွေတင်ပြသည်

ကီဂါလီ မတ် ၂၉

ရဝမ်ဒါနိုင်ငံ၏ ပထမဆုံးသော ဘိုင်အိုဒီဇယ် ဘတ်စ်ကားကို မတ် ၂၉ရက်က ရဝမ်ဒါနိုင်ငံ မြို့တော်ကီဂါလီမှ ဘူရွန်ဒီနယ်စပ် အာကန်ယုရှသို့ စတင်မောင်းနှင်ပြေးဆွဲခဲ့သည်။

အသုံးပြုနိုင်

အဆိုပါ ဘိုင်အိုဒီဇယ်ဘတ်စ်ကားသည် အပင်နှင့်တိရစ္ဆာန်များမှ ထုတ်ယူရရှိသော ဆီများ၊ စားသောက်ဆိုင်များမှ ချက်ပြုတ်အသုံးပြုသည့် ဆီများဖြင့် အသုံးပြုမောင်းနှင်နိုင်ကြောင်း သိရသည်။

ပြောကြား

ဘိုင်အိုဒီဇယ်များ အသုံးပြုခြင်းဖြင့် ရုပ်ကြွင်းလောင်စာဆီများအပေါ် မှီခိုနေရခြင်းကို လျှော့ချနိုင် လိမ့် မည် ဟု ရဝမ်ဒါ အစိုးရက မျှော်လင့်ထားသည်။ ဘိုင်အိုဒီဇယ် ၁၀၀ရာခိုင်နှုန်း အသုံးပြုခြင်းဖြင့် ကာဗွန်မိုနောက်ဆိုက်ထုတ်လွှတ်မှု ၄၈ရာခိုင်နှုန်း လျှော့ချနိုင်လိမ့်မည်ဖြစ်ကြောင်း ရဝမ်ဒါသိပ္ပံနှင့်နည်းပညာအကြီးအကဲ ဘတ်တစ်တေး အင်န်ဒူဝါရီဇူက ပြောကြားသည်။

ရဝမ်ဒါနိုင်ငံတွင် ဘိုင်အိုဒီဇယ်ထုတ်လုပ်ရန် ထောပတ်သီးပင်၊ ပီလောပီနံနှင့် ခြံစည်းရိုးကြက်ဆူဟက်တာ ၂၂၅၀၀ ခန့်စိုက်ပျိုးထားခဲ့သည်။

ပြည်ထောင်စုဖွားသွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

KNU သောင်းကျန်းသူများ ထောင်ထားသည့်မိုင်းများ နင်းမိပေါက်ကွဲသဖြင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၂၉

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ဆင်စွယ်ကျေးရွာနေ ဒေါ်မုလော်အဲ့သည် သမီးဖြစ်သူနှင့်အတူ ဆင်စွယ်ကျေးရွာ အနောက်ဘက် နှစ်မိုင်ခန့်အကွာရှိ လေးတကျေးတောင်၌ ပုတတ်စာသွားခူးစဉ် မတ် ၂၄ရက် နံနက် ၁၀နာရီခန့်တွင် KNU သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲသဖြင့် ယာဘက်ခြေကျင်းဝတ် ပြတ်ဒဏ်ရာ၊ ယာဘက်ပေါင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ပြီး ဖာပွန်မြို့နယ် ကမမောင်းတိုက်နယ်ဆေးရုံသို့ တက်ရောက်ကုသမှု ခံယူလျက်ရှိကြောင်း သိရှိရသည်။

ဆေးဝါးကုသပေး

ထို့အတူ ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ခုံကြီးကျေးရွာနေ ကိုဝင်းနိုင်ဦး၊ ကိုဇော်ဝင်းနှင့် အဖော်နှစ်ဦးသည် ထင်းတိုက်ရန် လှည်းတစ်စီးဖြင့် သွားရောက်စဉ် မတ် ၂၅ရက် နံနက် ၉နာရီခန့်တွင် ကျောက်ကြီးမြို့နယ် မုန်းဒေသ ကော့ပြင်းကျေးရွာ အရှေ့ဘက် ငါးမိုင်ခန့်အကွာရှိ ဝက်ကလေးချောင်းအနီး၌ KNU သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးကို လှည်းဖြင့် နင်းမိပေါက်ကွဲခဲ့သဖြင့် ကိုဝင်းနိုင်ဦး၏ ဝဲဘက်ခြေနှင့် ယာဘက်ပေါင် မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့ပြီး ကိုဇော်ဝင်း၏ ယာဘက် လက်ဖျံ မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူနှစ်ဦးအား မုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်သစ်ကူးမဟာသင်္ကြန်အကြို ခေတ်မီအီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းပြပွဲ

အမေး/အရေး - မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု - သက်နိုင် (မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၉

ကုန်ပစ္စည်းပြပွဲများ ကျင်းပမှုများလာသည်။ အသွင်အပြင်ကွဲပြားစွာ ခင်းကျင်းပြသသည့်အတွက် ပြည်သူများကစိတ်ဝင်စားကြသည်။ ထုတ်လုပ်သူများက ထုတ်ကုန်များကို ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့စေသဖြင့် အကျိုးရှိသည်။ မှန်ကန်သောပစ္စည်းများကို ချိုသာသောနှုန်းဖြင့် တစုတစည်း လေ့လာဝယ်ယူနိုင်သဖြင့် ပြည်သူများအတွက်လည်းအကျိုးရှိသည်။ ထို့အပြင် ကုန်စည်ပြပွဲများ ခင်းကျင်းပြသနိုင်မှုမှာ တည်ငြိမ်အေးချမ်းမှုကိုထင်ဟပ်စေသဖြင့် နိုင်ငံတော်အတွက်လည်း အကျိုးပြုစေသည့်ပြယုဂ်တစ်ခုလည်း ဖြစ်နေပြန်သည်။

"ပြည်သူတွေအနေနဲ့ ကုန်ပစ္စည်းတွေကို လေ့လာနိုင်တဲ့အပြင် တိုက်ရိုက် ဝယ်ယူနိုင်အောင်လို့ စီစဉ်ခြင်း ဖြစ်ပါတယ်။"
ဒေါ်ရွှေစင်ဝင်း။

ကျင်းပမည်

အားလုံးအတွက် အကျိုးရှိစေသည့် ကုန်စည်ပြပွဲတစ်ရပ်ကို မကြာမီခင်းကျင်းပြသတော့မည်ဖြစ်သည်။ ယင်းကား ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဧပြီ ၁ရက်မှ ၄ရက်အထိကျင်းပမည့် **"မဟာသင်္ကြန်အကြို ခေတ်မီအီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းပြပွဲ"**ပင်ဖြစ်သည်။

မေးမြန်း

ထို့ကြောင့် ယင်းကုန်စည်ပြပွဲကို တာဝန်ယူကျင်းပမည့် SMART GROUPမှ ဒါရိုက်တာ ဒေါ်ရွှေစင်ဝင်းနှင့်တွေ့ဆုံမေးမြန်းခဲ့သည်။ "တပ်မတော်ခန်းမမှာ ကျွန်မတို့အနေနဲ့ ကုန်စည်ပြပွဲကျင်းပတာ ငါးကြိမ်ရှိပါပြီ။ ဒီလိုကုန်စည်ပြပွဲတွေကျင်းပတာကလည်း နိုင်ငံတော်ကချမှတ်ထားတဲ့ စီးပွားရေးဦးတည်ချက်တွေထဲက တစ်ချက်ဖြစ်တဲ့ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးဆိုတာကိုတစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်စေဖို့ဖြစ်ပါတယ်။ ဒါ့အပြင် ခေတ်မီစစ်မှန်တဲ့ အီလက်ထရွန်နစ်နဲ့ အိမ်သုံးပစ္စည်းတွေကို ပြည်သူတွေဈေးနှုန်းချိုသာစွာနဲ့ ပင်ရင်းကုမ္ပဏီကြီးတွေ၊ စက်ရုံတွေနဲ့ တစ်ဦးတည်း အရောင်းကိုယ်စားလှယ်တွေထံက တိုက်ရိုက်ဝယ်ယူ ရရှိနိုင်စေဖို့လည်းပါဝင်တယ်"ဟု ဒေါ်ရွှေစင်ဝင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

မဟာသင်္ကြန်အကြို ခေတ်မီ အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းပြပွဲတွင် ခင်းကျင်းပြသမည့် အိုင်တီထုတ်ကုန်ပစ္စည်းများကို တွေ့ရစဉ်။

မကြာမီကျင်းပတော့မည့် မဟာသင်္ကြန်အကြို ခေတ်မီအီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများပြပွဲကို ဆမ်ဆောင်း၊ စတား၊ ဖူဂျီစသည့် အီလက်ထရွန်နစ်ပစ္စည်းများအား တင်သွင်းထုတ်လုပ်ဖြန့်ချိနေသော အေအေ အီလက်ထရွန်နစ်မှ အဓိကပံ့ပိုးကူညီပေးထားခြင်းဖြစ်သည်။ ထို့အပြင် မာမားခေါက်ဆွဲနှင့် စီအင်န်စီရုပ်တို့ကလည်း ပူးတွဲပံ့ပိုးကူညီအားဖြည့်ပေးထားသည်။

တင်ဆက်မည်

"အခုကုန်စည်ပြပွဲမှာ ပြခန်းပေါင်း ၁၇၀ပြသဖို့ သတ်မှတ်ထားပါတယ်။ အခုအချိန်အထိ ပြခန်း၁၆၀ပါဝင်ပြသဖို့ စာရင်းပေးထားကြပါပြီ။ ပြခန်းတွေရဲ့ သတ်မှတ်ထားတဲ့ အကျယ်အဝန်းမှာ ဒီဇိုင်းပြင်ဆင်မှုကတော့ စိတ်တိုင်းကျ ဖန်တီးခွင့်ရှိပါတယ်။ ပြပွဲမှာပါဝင်ခင်းကျင်းပြသသူတွေရဲ့ကုန်ပစ္စည်းတွေကို မော်ဒယ်တွေနဲ့အတူ ပြသလို့ရတဲ့ အစီအစဉ်တွေလည်း ရှိပါတယ်။ ပြပွဲလာ ပြည်သူတွေကို ခေတ်ပေါ်အကတွေ၊ ဖျော်ဖြေမှုတွေနဲ့အတူ စုံစုံလင်လင် တင်ဆက်ပေးသွားဖို့လည်း စီစဉ်ထားပါတယ်"ဟု ဒေါ်ရွှေစင်ဝင်းက မြန်မာ့အလင်းသို့ ဆက်လက် ရှင်းပြသည်။

မဟာသင်္ကြန်အကြို ခေတ်မီ အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းပြပွဲကြီးတွင် ခေတ်မီအီလက်ထရွန်နစ်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၊ အိမ်၊ ရုံး၊ စက်ရုံသုံး လျှပ်စစ်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာသင်တန်းများ၊ မိုဘိုင်းလ်ဖုန်းနှင့် အထွေထွေ ဆက်သွယ်ရေးပစ္စည်းများ၊ လုံခြုံရေးသုံးပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ကျန်းမာရေး လုပ်ငန်းသုံး အီလက်ထရွန်နစ်ပစ္စည်းများ၊ တိုင်းရင်းဆေးနှင့် ပြည်တွင်းပြည်ပဆေးဝါးများ၊ စာရေးကိရိယာများ၊ စားသောက်ကုန်များ၊ အထွေထွေအိမ်ဆောက်ပစ္စည်းများ၊ အိမ်ရာအရောင်းပြခန်းများစသည်ဖြင့် အမျိုးအစားစုံလင်စွာခင်းကျင်းပြသမည်ဖြစ်ရာ ပြည်သူများအတွက် လေ့လာ၍ မကုန်နိုင်အောင် ဗဟုသုတဖြစ်ဖွယ် တွေ့ရှိကြရမည်ဖြစ်သည်။

"ဒီကုန်စည်ပြပွဲမှာ ပါဝင်ပြသမယ့် ပစ္စည်းအမျိုးအစားတွေကတော့ အီလက်ထရွန်နစ်နဲ့လျှပ်စစ်ပစ္စည်းတွေက ၆၀ရာခိုင်နှုန်း၊ အိမ်ဆောက်ပစ္စည်းတွေက ၃၀ရာခိုင်နှုန်းနဲ့ အခြားအထွေထွေပစ္စည်းတွေပြသမယ့် ပြခန်းက ၁၀ရာခိုင်နှုန်းလောက် ပါဝင်ပြသကြမှာပါ။ ကုန်စည်ပြပွဲကို လာရောက်လေ့လာတဲ့ပြည်သူတွေအတွက် ကျွန်မတို့ SMART GROUPက တစ်နေ့ကိုကံစမ်းမဲ ၃၀ အခမဲ့ပေးဝေသွားဖို့ စီစဉ်ထားပါတယ်။ အဲဒီကံစမ်းမဲတွေက ဗလာမပါ ကံစမ်းမဲတွေပါပဲ။ တန်ဖိုးရှိတဲ့ အီလက်ထရွန်နစ်ပစ္စည်းမျိုးစုံကို ကံစမ်းမဲဖွင့်ပေးသွားမှာပါ။ ပြပွဲလာပြည်သူတွေ စိတ်ပျော်ရွှင်စေဖို့အပြင် အမှတ်တရဖြစ်အောင်လို့ပါပဲ"ဟု ဒေါ်ရွှေစင်ဝင်းက ရှင်းပြသည်။

ပြပွဲတွင် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ဂက်စ်မီးဖိုများ၊ ရေချိုးခန်းသုံးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ မြေယာရှုခင်း ပြုပြင်ရေးလုပ်ငန်းများ၊ စက်မှုဇုန်ထုတ်ကုန်များ အပါအဝင် အခြား စိတ်ဝင်စားဖွယ် လူသုံးကုန်ပစ္စည်းများလည်းပါဝင်ပြသမည်ဖြစ်သည်။ ထို့အပြင် သရုပ်ဆောင်ချိုကြီး ဦးစီးသော စူပါစတားမော်ဒယ်အဖွဲ့၏ နာမည်ကြီးမော်ဒယ်များနှင့် သရုပ်ဆောင်များက စိတ်ဝင်စားဖွယ် ဖျော်ဖြေရေးအစီအစဉ်များ၊ ပြပွဲအတွင်းရှိ ပြခန်းများ၏ ကုန်ပစ္စည်းသရုပ်ပြ ရှင်းလင်းပွဲများဖြင့် ပြပွဲလာပြည်သူများအား တစ်နေ့နှစ်ကြိမ် နေ့စဉ်အခမဲ့ဖျော်ဖြေ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အထူးအစီအစဉ်

မဟာသင်္ကြန်အကြို ခေတ်မီအီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများ ပြပွဲကြီးတွင် အထူးဈေးနှုန်းများ၊ အပိုမေတ္တာလက်ဆောင်များ၊ ပြခန်းများက ပေးမည့်ကံစမ်းမဲများ၊ အခမဲ့သယ်ယူပို့ဆောင်မှု အစီအစဉ်များနှင့် ကုန်ပစ္စည်းများကို အရစ်ကျငွေချေစနစ်များဖြင့် အထူးစီစဉ်ကာ ပြပွဲလာ ပြည်သူများအတွက် ပံ့ပိုးဖြည့်ဆည်းပေးသွားမည်ဖြစ်သည်။

နိုင်ငံတကာ၌ နှစ်သစ်ကူးချိန်ကာလတွင် အထူးဈေးရောင်းပွဲတော်များ ကျင်းပကာ ပြည်သူများအတွက် အထူးအစီအစဉ်များ ပြုလုပ်ပေးလေ့ရှိသည်။ ယခုမြန်မာနိုင်ငံတွင်လည်း နှစ်သစ်ကူး အကြိုကာလနှင့် တိုက်ဆိုင်စွာ မဟာသင်္ကြန်အကြို ခေတ်မီအီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းပြပွဲကြီး ပြုလုပ်မည်ဖြစ်ရာ ပြည်သူများအတွက် အခွင့်အရေးကောင်းတစ်ရပ်အဖြစ် သွားရောက်ကြည့်ရှုလေ့လာသင့်ပါကြောင်း တွေ့ဆုံမေးမြန်း တင်ပြလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

ကြံခင်းမြို့နယ်၌ ပညာရိပ်မြုံစာကြည့်တိုက်ဖွင့်

ကြံခင်း မတ် ၂၉

ကြံခင်းမြို့နယ် ကလို့ကွင်းကျေးရွာ ပညာရိပ်မြုံ စာကြည့်တိုက်နှင့် မြောက်ကုန်းကျေးရွာရှေ့ဆောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်စာစောင် လှူဒါန်းပွဲနှင့် ဟောပြောပွဲကို မတ် ၁၄ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပညာရိပ်မြုံစာကြည့်တိုက်နှင့် ရှေ့ဆောင်စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ဥက္ကဋ္ဌဦးစိုးသန်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်သူဇာနှင့် မြို့နယ်အသင်းအတွင်းရေးမှူး ဦးခင်ဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်မြို့ Winner Plastic Manufacturing Co., Ltd.မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးက လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ကျောင်းဆင်းလက်မှတ်ပေးအပ်

လူမှုဝန်ထမ်းဦးစီးဌာန မူကြို(၁) ဗဟန်း၏ ကျောင်းဆင်းလက်မှတ်ပေးအပ်ပွဲနှင့် ပဒေသာကပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဥမ္မာဆွေက အကြီးဆင့် သားငယ်လေးအား ကျောင်းဆင်းလက်မှတ်ပေးအပ်စဉ်။ (ပညာရေး)

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် မတ် ၂၉

အလက(၃)ဒဂုံ မြတ်ဆရာပူဇော်မည်

အလက(၃)ဒဂုံ(ယခင် စိန့်ပက်ထရစ်)မှ ၁၉၆၆-၁၉၇၉ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို မေ၂ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်း၌ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမဟောင်းများနှင့် ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ဖုန်း-၃၈၆၇၇၃၊ ၃၇၇၆၁၁၊ ၃၈၃၅၁၀၊ လိုင်းခွဲ(၁၂၁)၊ ၇၂၇၈၂၄နှင့် ၀၉-၅၁၄၀၄၂၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

မြတ်ဆရာပူဇော်ပွဲကျင်းပ

ပဲခူးမြို့ ရွာသစ်ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းနွဲ့၏ အသက်(၁၀၆)နှစ်ပြည့်ပူဇော်ပွဲကို မတ်၂၈ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ တပည့်ဟောင်းများက တက်ရောက်ပူဇော်ကန်တော့ကြသည်။

ကိုကိုးကျွန်းခရီးသွားပန်းချီကားများ ပြသမည်

ကိုကိုးကျွန်းပေါ်သို့ ကိုယ်တိုင်ရောက်ရှိခဲ့ပြီး ရေးဆွဲထားသော သဘာဝအလှပန်းချီကားနှင့် ရာသီအလိုက်ဖူးပွင့်သောပန်းများကို ရေးဆွဲပြသထားသည့် ပန်းချီဆရာဝင်းမြင့်မိုး၏ပန်းချီပြပွဲကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေး(အရှေ့ဘက်တန်း)ရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)ပြခန်း၌ မတ်၃၁ရက်မှ ဧပြီ၄ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ၅နာရီအထိ ခင်းကျင်းပြသမည်ဖြစ်ရာ မည်သူမဆို ကြည့်ရှုခံစားနိုင်သည်။

အလက(၉)အင်းစိန် မြတ်ဆရာပူဇော်ပွဲ

အလက(၉)အင်းစိန်(ယခင်စိန့်ဂျော့)၌ ၁၉၆၅ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော အငြိမ်းစားဆရာ ဆရာမကြီးများအား ပဌမအကြိမ်ပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဧပြီ၄ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာ ဆရာမကြီးများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ရန်ကုန်စီးပွားရေးလမ်းညွှန်(၂၀၁၀)ဖြန့်ချိ

နှစ်စဉ်ထုတ်ဝေလျက်ရှိသော ရန်ကုန်စီးပွားရေးလမ်းညွှန်(၂၀၁၀)ကို ထုတ်ဝေဖြန့်ချိထားပြီး စီးပွားရေးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ၊ လုပ်ငန်းလိပ်စာများ စုံလင်စွာထည့်သွင်းဖော်ပြထားပြီး ဖုန်း-၂၅၃၂၈၅နှင့် ၀၂-၇၂၂၀၀တို့သို့ ဆက်သွယ်မှာယူနိုင်သည်။

ချောက်မြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ဗဟန်းမြို့နယ် ရွှေတိဂုံစေတီအရှေ့ဘက်မုခ် ကြားတောရလမ်းရှိ တရားရုံးချုပ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

လူသစ်တန်း စနူကာပြိုင်ပွဲကျင်းပမည်

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၏ကြီးကြပ်မှုဖြင့် လူသစ်တန်း စနူကာပြိုင်ပွဲကို ဧပြီ ၂ ရက်မှ ၉ ရက်အထိ ကမာရွတ်မြို့နယ် ပြည်လမ်း ဒိုင်းမွန်းကွန်ဒိုမီဒီယံရှိ ဒိုင်းမွန်းဘိလိယက်နှင့် စနူကာစင်တာ၌ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသူများ ဖုန်း-၃၇၅၁၀၄နှင့် ၅၀၁၃၈၀၊ လိုင်းခွဲ ၈၈၈သို့ မတ် ၃၁ ရက် နောက်ဆုံးထား စာရင်းပေးနိုင်သည်။

ဧပြီလထုတ် ငွေတာရီမဂ္ဂဇင်းထွက်ရှိ

ဧပြီလထုတ်ငွေတာရီမဂ္ဂဇင်းကို ထုတ်ဝေထွက်ရှိထားပြီဖြစ်ရာ ကဗျာ၊ ကာတွန်း၊ သုတရသ ဆောင်းပါးများနှင့် ဝတ္ထုတို၊ ဝတ္ထုရှည် ရသစုံလင်စွာဖြင့် ထည့်သွင်းဖော်ပြထားပြီး ဖုန်း-၃၇၁၂၄၄နှင့် ၅၅၉၂၇၃တို့သို့ ဆက်သွယ်မှာယူနိုင်သည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း သက်ကြီးပူဇော်မည်

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ ဒုတိယအကြိမ်မြောက် သက်ကြီး အင်ဂျင်နီယာ/ဗိသုကာပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို ဧပြီ ၁၀ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

ခြင်ဆေးခွေသုံးလျှင် အနီးတွင်
လောင်စာပစ္စည်း မထားနှင့်

အမည်ပြောင်း

အဖဦးအောင်ကျော် ၁၃/ ရစန (နိုင်) ၀၇၇၃၄၉၏ အမြွှာသမီးများ ဖြစ်သော အထက(၁) ဒဂုံ၊ Grade VII (G)မှ မနှင်းဝတ်မှုံအောင်ကျော်နှင့် မနှင်းဝတ်ဆံအောင်ကျော်တို့အား မနှင်းဝတ်မှုံအောင်နှင့် မနှင်းဝတ်ဆံအောင်ဟု ပြောင်းလဲခေါ်ပါရန်။

ဂုဏ်ယူဝမ်းမြောက်ခြင်း

ကမ္ဘောဇဘဏ်လီမိတက်၏
နေပြည်တော်ရုံးချုပ်နှင့် ဘဏ်ခွဲကို
ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်
အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဦးအောင်မိုးကျော်-ဒေါ်မာမာထွန်း

ဥက္ကဋ္ဌ

နှင့်

ဒါရိုက်တာအဖွဲ့

IBTC Group of Companies

၂၀၁၀ခုနှစ် အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်များပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံစွမ်းအင်ဝန်ကြီးဌာနနှင့် အာဆီယံစွမ်းအင်ဆိုင်ရာဗဟိုဌာန(ACE)တို့က ကြီးမှူး၍ ၂၀၁၀ခုနှစ် အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်များပြိုင်ပွဲ အစီအစဉ်အောက်ရှိ စွမ်းအင်ထိရောက်စွာအသုံးပြုထားသော အဆောက်အအုံများ **(Energy Efficient Building)** ပြိုင်ပွဲ၊ ပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းများ**(Renewable Energy Project)** ပြိုင်ပွဲနှင့် အဆောက်အအုံနှင့် စက်ရုံများ၏ အကောင်းဆုံးစွမ်းအင် စီမံခန့်ခွဲမှုစနစ် **(Energy Management)**ပြိုင်ပွဲများကို နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိက ကဏ္ဍတို့မှ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်။

ပါဝင်ယှဉ်ပြိုင်လိုသူများသည် မိမိတို့၏အဆောက်အအုံ/ လုပ်ငန်းစီမံကိန်း/ စက်ရုံ/ ရုံးဌာနတို့၏ အမည်၊ တည်နေရာ၊ လုပ်ငန်းသဘာဝ၊ ဆက်သွယ်ရန်ပုဂ္ဂိုလ်၏ လိပ်စာ၊ ဖုန်းနံပါတ်၊ ဖက်စ်နံပါတ်များဖော်ပြ၍ ရွေးချယ်စိစစ်ရေးအမျိုးသားကော်မတီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊လှိုင်တက္ကသိုလ်ဝင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၅၁၉၆၇၃-၇၆၊ ၅၇၉၀၃၈၊ ဖက်စ်-၀၁-၅၁၉၆၈၁ နှင့် ၆၆၅၁၉၃ တို့သို့ ၂၀၁၀ ခုနှစ် ဧပြီ၂ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန်ဖြစ်ပါသည်။

အသေးစိတ်သိလိုပါက ဦးမြင့်ကျော် လုပ်ငန်းကော်မတီဝင် ဖုန်း-၀၁-၅၇၉၀၃၈၊ ၅၇၉၀၃၉၊ ၀၉-၅၀-၂၈၉၆၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အမည်ပြောင်း

ရန်ကုန်မြို့၊ ရွှေဂုံတိုင်၊ ရွှေဂုံပလာဇာနေ ဦးဝင်းမြတ်ထွန်း ၁၂/မရက (နိုင်)၀၃၆၇၆၀၏သမီး မမေသီတာထွန်းအား မမေဘရဏီထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မမေဘရဏီထွန်း။

ကျေးလက်မြေသားလမ်း ပြုပြင်ဆောင်ရွက်

ရေနံချောင်း မတ် ၂၉

ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုအဆင်ပြေ ချောမွေ့စေရေး ဆောင်ရွက်လျက်ရှိရာ ချိုင်း-လယ်ကျင်ရိုးကျေးရွာ မြေသားလမ်းခင်း ဆောင်ရွက်ရန် တစ်ကြောင်းထိုးပြုပြင်ဆောင်ရွက်နေမှုကို မတ် ၃ ရက်က အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းစစ်ဆေးပေးခဲ့သည်။

(မြို့နယ်စည်ပင်)

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ခေတ္တညွှန်ကြားရေးမှူး ဦးမင်းဇော် ကျီခါးမြို့စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးရေးအတွက် (ရုံးချုပ်)ထောက်ပံ့မှုဖြင့် တည်ဆောက်ထားသော ရေကန်သုံးကန် ဆောက်လုပ်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံက မြို့ရေပေးဝေခြင်းဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



သီပေါမြို့နယ် စံလောင်းကျေးရွာတွင် ပညာ့အလင်းစာကြည့်တိုက်ဖွင့်
သုတ၊ ရသစာအုပ်မျိုးစုံနှင့် ဗီရိုလှူဒါန်း

သီပေါ မတ် ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် စံလောင်းကျေးရွာ ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၁၇ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းထွန်းသိန်း၊ ကျေးရွာဥက္ကဋ္ဌ ဦးရဲမြင့်နှင့် စာကြည့်တိုက်ကော်မတီဝင် ဦးလောအိုက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ စာအုပ်စာစောင်များနှင့် အလှူငွေပေးအပ်ပွဲကျင်းပရာ ကျေးရွာဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးစိုင်းထွန်းသိန်းက စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်လှစ်ရခြင်း၏ ရည်မှန်းချက်၊ စာကြည့်တိုက်များ ရေရှည်ခိုင်မာရေးလုပ်ငန်းစဉ် (၅)ရပ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ဓာတ်ပုံကျွမ်းကျင်(၂)ဦးနေစိုးဟန်က စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး(ငြိမ်း) ဦးစိုင်းသာလှိုင်က လျှပ်တစ်ပြက်ဂျာနယ် အုပ် ၅၀၊ သုတရသစာအုပ် ၁၀၀၊ မြို့နယ်သစ်တောဦးစီးမှူး ဦးစိုးသန့်ကြည်က စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ် ၁၀၀၊ မြို့နယ်ပညာရေးမှူး (ငြိမ်း) ဒေါ်ကျင်ရီက မြတ်မင်္ဂလာစာအုပ် ၁၀၀၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်က ပြည်သာယာမဂ္ဂဇင်း ၁၀၀၊ ရန်ကုန်မြို့နေ ဦးခင်ကြည်-ဒေါ်ကျင်မြမိသားစုတို့က စာအုပ်ဗီရိုတစ်လုံးအတွက် အလှူငွေကျပ်သုံးသောင်းတို့ကိုပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်က လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆောက်လုပ်ခဲ့

အဆိုပါ စာကြည့်တိုက်ကို နိုင်ငံတော် မတည်ငွေကျပ် ၁၀သိန်းနှင့် ကျေးရွာပြည်သူ ပါဝင်လှူဒါန်းငွေကျပ် ၂၁သိန်း ခုနစ်သောင်း စုစုပေါင်းကျပ်ငွေ ၃၁သိန်းခုနစ်သောင်းဖြင့် ဆောက်လုပ်ခဲ့သည့် အလျားပေ ၄၀၊ အနံပေ ၃၀၊ အမြင့် ၂၅ပေ၊ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း အဆောက်အအုံသစ်ဖြစ်ကြောင်း သိရသည်။

(၀၂၀)

မြန်မာနိုင်ငံဓာတ်ပုံအသင်း နှစ်ပတ်လည် ဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံဓာတ်ပုံအသင်းက ကြီးမှူးကျင်းပသော (၄၆)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည်ဓာတ်ပုံပြိုင်ပွဲကို မတ်၁၉ရက်မှ ၂၁ရက်အထိ အတ်ဂယ်လာရီဒီမက်စ်၌ကျင်းပရာ ပြိုင်ပွဲဝင်ပေါင်း ၉၀မှ ဓာတ်ပုံပေါင်း ၁၀၈၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆုချီးမြှင့်

အဆိုပါဓာတ်ပုံပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲကို မတ် ၂၈ရက်က ရန်ကုန်မြို့ ၃၅လမ်းရှိ မြန်မာနိုင်ငံဓာတ်ပုံအသင်းတိုက်၌ ကျင်းပရာ ၂၀၀၉ခုနှစ် အကောင်းဆုံးဓာတ်ပုံပညာရှင်ဆုကို ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)ကလည်းကောင်း၊ နှစ်ပတ်လည်တံခွန်စိုက်ဆုကို ညွန့်နိုင် (ဘော်တွင်း)ကလည်းကောင်း**(အောက်ပုံ)**ရရှိကြပြီး ဆုများကို မြန်မာနိုင်ငံဓာတ်ပုံ အသင်းနာယကများဖြစ်ကြသော ဦးဖေခင်၊ ဦးမောင်မောင်တင်၊ ဦးသိန်းဉာဏ်၊ ဦးမောင်မောင်သောင်း၊ ဦးမြင့်သိန်းဖေ(ရုပ်ရှင်)၊ ဦးဖေမြင့်ဦး(ဥက္ကဋ္ဌ)နှင့် ဦးတင်မောင်ထွေး (နတ်ရေကန်)တို့က ချီးမြှင့်ပေးကြသည်။

သုံးနှစ်ဆက်တိုက်

၂၀၀၉ခုနှစ် အကောင်းဆုံး ဓာတ်ပုံပညာရှင်ဆုရရှိသူကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)က ဆုငွေပေါင်း ကျပ် ၁၀သိန်းရရှိပြီး နှစ်ပတ်လည်တံခွန်စိုက်ဆု သုံးနှစ်ဆက်တိုက်ရရှိသူ ညွန့်နိုင်(ဘော်တွင်း)က ဆုငွေ ကျပ်ငါးသိန်းရရှိကြောင်း သိရသည်။

(ဓာတ်ပုံအသင်း)

မီးမှန်သမျှ သုံးတတ်က မချမ်းမီးဘေး စဉ်ကင်းဝေး

ဖန်းမော်စည်ပင် ခွန်သာ-တပ်ကလေးလမ်း ကျောက်ချောလမ်းခင်း

ဖန်းမော် မတ် ၂၉

ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ဖန်းမော်မြို့ ညောင်ပင်သာဆိပ်ကမ်းဆက်သွယ်သည့် ခွန်သာ-တပ်ကလေးလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မတ် ၉ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦး ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးစိုးနေလင်းက လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လှိုင်းဘွဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ် ဒိုင်းပြကုန်း-ပန်းထိန်ကုန်း ကျေးလက်လမ်းပေါ်ရှိ တံတားတည်ဆောက်မှုလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးသိန်းစိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်လင်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး
အင်းတော်၌ လုပ်ငန်းညှိနှိုင်းစည်းဝေး

အင်းတော် မတ် ၂၄

စစ်ကိုင်းတိုင်း ကသာခရိုင် အင်းတော်မြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ကြီးကြပ်မှုကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၁၀)ကို မတ် ၁၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်ဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး၊ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်သီဟနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေး

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့် ကော်မတီအတွင်းရေးမှူး ဦးကျော်သီဟတို့က ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံ(၅)ချက်နှင့်ပြည့်စုံရေး ဆောင်ရွက်မည့်လုပ်ငန်းများ၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် ငွေကြေးပါသော စာငှားကတ်စနစ်ကျင့်သုံးရေး ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာကြသော စာကြည့်တိုက် ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ရှင်သန်ခိုင်မာရေးလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ရှေ့လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)



သံတောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သံတောင်ကြီးမြို့အဝင် ကျောက်တုံးဥယျာဉ် သန့်ရှင်းသပ်ရပ်သာယာလှပမှု ရှိ၊ မရှိကို ဖေဖော်ဝါရီ ၁၈ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ကျော်လင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်ပြန်/ဆက်)

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး
အင်တောပြန်/ဆက် ကွင်းဆင်းဆောင်ရွက်

အင်တော မတ် ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် အင်တောမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြူကြူလှိုင်နှင့် ဝန်ထမ်းများသည် ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စာအုပ်စာစောင်တိုးပွားရေး၊ ငွေပဒေသာပင်စိုက်ထူရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးတို့အတွက် မတ် ၄ ရက်က ရပ်ကွက်(၃) ရေပြာရှိ မြတ်ပညာစာကြည့်တိုက်နှင့် ရပ်ကွက်(၆)ရှိ မိုးသောက်ဆည်းဆာစာကြည့်တိုက်များသို့ ကွင်းဆင်းဆောင်ရွက်သည်။

ရှင်းလင်းဆွေးနွေး

ကွင်းဆင်းဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးက စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စံ(၅)ချက်နှင့် ညီညွတ်ရေးကို ရှင်းလင်းဆွေးနွေးပြီး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များက စာကြည့်တိုက်ရှင်သန်ရေးဆောင်ရွက်နေမှုများနှင့် စာအုပ်၊ စာစောင်များ စုဆောင်းရရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)



ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျေးလက်ငွေလုံးငွေရင်း လုပ်ငန်းဖြစ်သော ချောင်းစလန်း ၁၅ မိုင် ကျောက်ခင်းခြင်း လုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် အင်ဂျင်နီယာမှူး ဦးအောင်ကိုဦးတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဆေးရုံသုံးပစ္စည်းများ ရမည်းသင်း၌ လှူဒါန်း

ရမည်းသင်း မတ် ၂၀

ရမည်းသင်းမြို့နယ်အသင်း(ရန်ကုန်) နာယက ဦးမြတ်သင်းအောင် (Chairman AA Group Co.,Ltd.)-(ဒေါ်ခင်မြင့်မြင့်)မိသားစုတို့က ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံကြီးသို့ အထူးကြပ်မတ်ကုသဆောင်နှင့် သီလဝလူမှုကူညီရေးအသင်း၏ ကျန်းမာရေးစောင့်ရှောက်မှုယာဉ်တွင်အသုံးပြုရန် ဆေးရုံသုံးပစ္စည်းကိရိယာများ လှူဒါန်းခြင်းအခမ်းအနားကို မတ် ၁၄ရက်က ခရိုင်ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ရမည်းသင်းအသင်းနာယက အလှူရှင်ဦးမြတ်သင်းအောင်က ဆေးရုံသုံးပစ္စည်းများ လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ပြည်သူ့ဆေးရုံကြီးရှိ အထူးကြပ်မတ်ကုသဆောင်တွင် အသုံးပြုရန် ဆေးရုံသုံး ပစ္စည်းကိရိယာများကို အလှူရှင် ဦးမြတ်သင်းအောင်မိသားစုက ပေးအပ်ရာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစမ်းစမ်းတင်က လက်ခံယူသည်။ ယင်းနောက် သီလဝလူမှုကူညီရေးအသင်း လူနာတင်ယာဉ်တွင် အသုံးပြုရန် လူနာထမ်းစင်နှင့် အောက်ဆီဂျင်စလင်ဒါအား ဦးမြတ်သင်းအောင်မိသားစုက လှူဒါန်းရာ လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးကျော်မြင့်က လက်ခံယူပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းသုံး အထောက်အကူပြုပစ္စည်းများကို ဦးအောင်မြင့်မိသားစုက လှူဒါန်းရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက လက်ခံယူသည်။

ထို့နောက် မြို့နယ်စေတနာရှင်များက တိုက်နယ်ဆေးရုံများသို့ စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ် ၁၆သိန်းစီကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲကျော်ခိုင်က လှူဒါန်းရာ ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာစမ်းစမ်းတင်က လက်ခံယူသည်။

ထောက်ကူပြုပစ္စည်း

ဦးမြတ်သင်းအောင်မိသားစုက ခရိုင်ဆေးရုံနှင့် သီလဝလူမှုကူညီရေးအသင်း သားဖွားခန်းသုံး ထောက်ကူပြုပစ္စည်းများ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၅၇၉၉၀၀၀ ဖြစ်သည်။

(၁၆၉)

မြို့နယ်သတင်း ထွေတလာ

ကယားပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဖြူသည် ဖေဖော်ဝါရီ ၁၈ရက်က အိုးအိမ်ဦးစီးဌာန နှစ်ထပ်ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာနှစ်လုံး တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်စစ်ဆေးရာ မြို့နယ် အင်ဂျင်နီယာ ဒေါ်နွယ်နီဝင်းက ရှင်းလင်းတင်ပြစဉ်။

(ဆောက်လုပ်ရေး)



ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ
မြင်းမူ၌ ကွင်းဆင်းဆောင်ရွက်

မြင်းမူ မတ် ၂၂

မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ပြည်သူများ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက် မွန်းတည့် ၁၂နာရီက မြင်းမူမြို့နယ် ဆပ္ပာကျင်းကျေးရွာရှိ ရွာလယ်ဓမ္မာရုံ၌ ကျင်းပသည်။

ပြန်လည်ဆွေးနွေး

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ကြသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ကျေးရွာပြည်သူများက ပြန်လည်ဆွေးနွေးကြပြီးနောက် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်စိုးက ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းပြီးနောက် မြို့နယ်တိုင်းရင်းဆေးကုဌာနက ကျေးလက်ပြည်သူများအား အခမဲ့ဆေးဝါးများ ကုသပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြ လေ့ကျင့်ကြစဉ်။

(သတင်းစဉ်)

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ပြ၊ ကျေးလက်သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် လက်နှိပ်တုံကင်တွင်းများ အသစ်လဲလှယ်ခြင်း၊ တွင်းသန့်စင်ခြင်းလုပ်ငန်းများကို မတ် ၁၃ ရက်က အမှုဆောင်အရာရှိ ဦးခိုင်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ဇော်လင်းတို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပဲခူးခရိုင် ကဝမြို့နယ်တွင် စာပေဟောပြော

ပဲခူး မတ် ၂၇

အမျိုးသားစာပေဆုနှင့်စွယ်စုံမီဒီယာ တစ်သက်တာစာပေဆုရ စာရေးဆရာ ချစ်စံဝင်း၏ မိခင်ဇာတိ၊ ကဝမြို့နယ် မိလောက်ကျေးရွာနှင့် ဘိုတဲကျေးရွာ ငွေတောင်ကျေးရွာအနီး အံ့ဘွယ် အေးငြိမ်းချမ်းသာယာစေတီရင်ပြင်တွင် ဖေဖော်ဝါရီ ၂၇ရက်က ပထမအကြိမ်စာပေဟောပြောပွဲ ကျင်းပသည်။

ကျေးဇူးတင်စကား

စာပေဟောပြောပွဲတွင် ဘိုတဲကျေးရွာသား ဦးမျိုးက ကျေးဇူးတင်စကား ပြောကြားပြီး ပဲခူးမြို့နယ် စာပေနှင့် စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ ဦးစိန်လှိုင် (စိန်လှိုင်ဗိုလ်)က ကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။

တက်ရောက်

ထို့နောက် စာရေးဆရာ ချစ်စံဝင်း၊ စာရေးဆရာ အဏ္ဏဝါစိုးမိုးနှင့်စာဆိုတေးရှင် ဂီတာဖေဝင်းတို့က စာပေရေးရာသုတ အဖြာဖြာကို ဟောပြောကြရာ ပတ်ဝန်းကျင်ကျေးရွာများမှ စာပေ ဝါသနာရှင်များ တက်ရောက်ကြသည်။

စာရေးဆရာ ချစ်စံဝင်းသည် ဖခင်ဇာတိ ကဝမြို့နယ် ရစ်ကန်ကြီး ကျေးရွာတွင် ငွေကျပ်သိန်း ၁၀၀ခန့် ကုန်ကျမည့် စာဖတ်ခန်းစာကြည့်တိုက်ကို စတင်ဆောက်လုပ်လျက်ရှိရာ ဆောက်လုပ်ပြီးစီးမည့် အောက်တိုဘာလတွင် ရုပ်သေးပညာရှင်များအဖွဲ့၊ အလင်္ကာဝတ်ရည် တေးဂီတအဖွဲ့တို့ဖြင့် တစ်ညစီဖျော်ဖြေပြီး တတိယမြောက်ညတွင် စာပေဟောပြောပွဲကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

(၀၆၀)

မသန်စွမ်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား
ညောင်ဦး၌ ထောက်ပံ့ကြေးပေးအပ်ပွဲကျင်းပ

ညောင်ဦး မတ် ၂၅

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ညောင်ဦးမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီသည် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ အသက်(၇၅)နှစ်အထက် သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မသန်စွမ်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၆ရက် နံနက်၉နာရီက ညောင်ဦးမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ချီးမြှင့်

ရှေးဦးစွာ ညောင်ဦးမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးအောင်မြင့်(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီးနောက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀နှုန်းဖြင့် အဖွဲ့ဝင် ၁၂၉ဦး၊ အသက်(၇၅) နှစ်အထက် သက်ကြီးစစ်မှုထမ်းဟောင်းတစ်ဦးလျှင် ငွေကျပ်၂၀၀၀၀ နှုန်းဖြင့် တစ်ဦး၊ မသန်စွမ်း စစ်သည်တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ခုနစ်ဦး စုစုပေါင်း ငွေကျပ် ၂၇၄၀၀၀၀ကို ထောက်ပံ့ချီးမြှင့်သည်။ အသင်းသားများကိုယ်စား ဒုတိယဥက္ကဋ္ဌ အုပ်ခွဲတပ်ကြပ်ကြီး မျိုးဆွေက ကျေးဇူးတင်စကား ပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

မြန်ပြည်တစ်လွှား မီးမပွားရေး တားဆီးပေး

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ အဆောက်အအုံနှင့် ပစ္စည်းများလှူဒါန်းပွဲ မင်းတပ်ခရိုင်၌ ကျင်းပ

မင်းတပ် မတ် ၉

မင်းတပ်ခရိုင်လုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ အဆောက်အအုံ၊ ပရိဘောဂ၊ စာအုပ်၊ စာစောင်၊ ငွေပဒေသာပင်နှင့် မီဒီယာပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာ မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်ရီက မင်းတပ်ခရိုင်အတွင်း၌ ဖွင့်လှစ်ပြီး အခြေအနေနှင့် ခိုင်မာရန် လိုအပ်သော အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စိုးစိုးထွန်းက စာကြည့်တိုက်များအတွက် အလှူခံရရှိမှု အခြေအနေနှင့် ဆက်လက် ဆောင်ရွက်မည့် အား(၄)အားနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လက်ခံယူ

ထို့နောက် အလှူခံရရှိသော ပစ္စည်းများကို ခရိုင်ဦးစီးအရာရှိ ဒေါ်စိုးစိုးထွန်းက ပေးအပ်လှူဒါန်းရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်ရီ၊ ခရိုင်ရန်ပုံငွေရှာဖွေရေးကော်မတီ ဥက္ကဋ္ဌ ရဲမှူးနန်းလွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းငွေနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။ (ဓါတ်ပုံ)

(ခရိုင် ပြန်/ဆက်)

တောင်ကြီး၌ ယာဉ်/လမ်းစည်းကမ်းအသိပညာပေး

တောင်ကြီး မတ် ၁၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို မတ် ၉ရက်က တောင်ကြီးမြို့ ကန်ရှေ့ရပ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါဟောပြောပွဲ၌ မဆင်မခြင် ယာဉ်မောင်းနှင်မှုကြောင့် ဖြစ်တတ်လေ့ရှိသော ဖြစ်စဉ်များကို ပြည်နယ်ရဲတပ်ဖွဲ့ ယာဉ်ထိန်း တာဝန်ခံ ဒုတိယရဲမှူးတင်စိုးရှိန်က ဟောပြောပြီး အရည်အချင်း ပြည့်မီသော ယာဉ်မောင်းကောင်းများ ဖြစ်ပေါ်ရေးနှင့်ပတ်သက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ (စစ်ဆေးရေးမှူး-၂) ဦးဇော်ကိုကိုဖေ (အပေါ်ပုံ)က ဗီဒီယိုဆလိုက်ဖြင့်လည်းကောင်း၊ စည်းကမ်းမလိုက်နာမှုကြောင့် ဖြစ်တတ်လေ့ရှိသော ယာဉ်တိုက်မှုနှင့် တိမ်းမှောက်မှုများကို ယာဉ်ထိန်းဌာနမှ ရဲအုပ်မြင့်အောင်က ဟောပြောပို့ချပြီး ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ မော်တော်ဆိုင်ကယ်စီးနင်းသူများနှင့် ပြည်သူများ တက်ရောက်ကြသည်။ (ပြည်နယ် ကညန)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားသင်တန်းဆင်းပွဲကို မတ် ၅ရက်က ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်မိခင်နှင့်ကလေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချောစုဝင်းက ထူးချွန်ဆုရ သင်တန်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

ကတ္တရာထပ်ပိုးလွှာခင်းခြင်း မိုးညှင်းမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

မိုးညှင်း မတ် ၂၀

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်သည် ဖေဖော်ဝါရီ ၁၆ရက်က မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော အနော်ရထာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအင်န်ခွန်းအောင်တို့က ရှင်းလင်းတင်ပြကြသည်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်း ထွေတလာ

ရပ်စောက်မြို့ ဥတ္တံတားရပ်ကွက် သူရလမ်းပေါ်ရှိ ဦးစိန်သန်းဦးကုမ္ပဏီမှ ဆောက်လုပ်လှူဒါန်းသည့် နဂါးပါတ်ချောင်းကူး ကျောက်ရိုးစီသံမဏိပေါင်တံတားအရှည် ပေ ၄၀၊ အကျယ် ၁၅ပေ၊ အမြင့် ပေ ၂၀ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယရဲမှူးဇော်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွှန့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(ဝရဇ)

တိုက်ကြီးမြို့နယ်၌ ခွာနာလျှာနာရောဂါဆိုင်ရာလေ့လာရေး ကွင်းဆင်းဆောင်ရွက်

တိုက်ကြီး မတ် ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်တွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခွာနာလျှာနာဌာနစိတ်က မြို့နယ်အတွင်းရှိ နွားပွဲဈေးနှင့် ကျေးရွာအုပ်စု ၁၀အုပ်စုတို့တွင် ခွာကွဲတိရစ္ဆာန်များတွင် ဖြစ်တတ်သော ခွာနာလျှာနာရောဂါဆိုင်ရာ လေ့လာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ပညာပေးဆွေးနွေး

ကွင်းဆင်းအဖွဲ့တွင် ခွာနာလျှာနာဌာနစိတ်(ရန်ကုန်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လတ်နှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာကျော်ကျော်ဦးတို့ ဦးဆောင်လိုက်ပါသော ကွင်းဆင်းဝန်ထမ်းများက ခွာနာလျှာနာရောဂါနှင့်စပ်လျဉ်း၍ သိရှိနိုင်ရန်နှင့် ဖြစ်ပွားလာပါက ထိန်းချုပ်နိုင်ရေးအတွက် ခွာကွဲတိရစ္ဆာန်များအား သွေးဖောက်ယူ၍ ရောဂါပိုးစစ်ဆေးခြင်း၊ ကျေးရွာပြည်သူများအား ပညာပေးဆွေးနွေးခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။ (အပေါ်ပုံ) အဆိုပါလုပ်ငန်းများကို ဖေဖော်ဝါရီ ၆ရက်မှ စတင်လုပ်ဆောင်ခဲ့ရာ တောင်ဘို့လှ၊ ဥက္ကံရွာမ၊ မီးနင်းကံကုန်း၊ ဥက္ကံကံကုန်း စသည့် ကျေးရွာအုပ်စုများတွင် လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့ကြောင်းနှင့် ကျန်ကျေးရွာအုပ်စု ခြောက်အုပ်စုတို့ကို ဇူလိုင်လကုန်အပြီးတွင် ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ကလေးဝမြို့နယ်၌ အရန်သားဖွားသင်တန်းဖွင့်

ကလေးဝ မတ် ၂၈

ကလေးဝမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အမျိုးသမီးနှင့် ကလေးကျန်းမာဖွံ့ဖြိုးရေး စီမံချက်အဖြစ် ကလေးဝမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ မတ် ၁ရက် နံနက် ၉နာရီက အရန်သားဖွားဆရာမ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနေလင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ရွှေပြည်သာ ပြန်/ဆက် ကွင်းဆင်းဆွေးနွေး

ရန်ကုန် မတ် ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အုံးညွှန့်နှင့် ဝန်ထမ်းများသည် ဖွင့်လှစ်ပြီးစာကြည့်တိုက်များ ရှင်သန်ရေး၊ စာအုပ်စာစောင်တိုးပွားရေး၊ ငွေပဒေသာပင်စိုက်ထူရေး၊ စာငှားကတ်စနစ် ကျင့်သုံးရေးတို့အတွက် မတ် ၂၃ရက်က ဘုံရှည်ကုန်းကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်သည်။

ရှင်းလင်းပြောကြား

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး (ယာပုံ)က စာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီညွတ်ရေးကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သောင်းနှင့် စာကြည့်တိုက်ကော်မတီဝင်များက စာကြည့်တိုက် ရှင်သန်ရေး ဆောင်ရွက်နေမှုများနှင့် စာအုပ်၊ စာစောင်များ စုဆောင်းရရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

လောင်းလုံး၌ သစ်သားတံတားခင်း

လောင်းလုံး မတ် ၂၈

လောင်းလုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်ဖွံ့ဖြိုးရေးအတွက် လမ်း၊ တံတားခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်လျက်ရှိသော အောင်ချမ်းသာသစ်သားတံတား အုတ်ခုံမြှင့်ပြီး သစ်သားအခင်းပြုပြင်ခြင်းလုပ်ငန်းကို မတ် ၉ရက်က အမှုဆောင်အရာရှိ ဦးထွန်းမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမိုးဇော်တို့ ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ (မြို့နယ် ပြန်/ဆက်)

တပ်မတော်နေ့ဂုဏ်ပြု မူဆယ်မြို့၌ စာအုပ်လှူဒါန်းပွဲကျင်းပ

မူဆယ် မတ် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ ရှေ့တန်းရုံး၌ ကျင်းပသည့် (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု စာအုပ်လှူဒါန်းပွဲကို မတ် ၁၄ရက် ညနေ ၃နာရီကကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးစန်းလွင်နှင့် အရာရှိ၊ အရာခံအကြပ်တပ်သားများ၊ မူဆယ်မြို့နယ် စာပေနှင့် စာနယ်ဇင်းအမှုဆောင်များနှင့် အဖွဲ့ဝင်များ၊ စာရေးဆရာ၊ ကဗျာဆရာများနှင့် စာအုပ်အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်

ရှေးဦးစွာ မြို့နယ်စာပေနှင့်စာနယ်ဇင်း အမှုဆောင် နိုင်မျိုးသစ္စာ(နမ္မတူ)က မုဒိတာစကားပြောကြားပြီး စာအုပ်အလှူရှင်များကိုယ်စား သိန်းဇော်(ရွှေလီဦး)က စာပေလှူဒါန်းပွဲ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား၍ စာအုပ်လှူဒါန်းပွဲ ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်း အမှုဆောင် မျိုးခိုင်(မူဆယ်)နှင့် ကဗျာဆရာ ကျော်မျိုးနွယ်၊ စိုး(မူဆယ်)၊ မောင်ချစ်(ဓမ္မာစရိယ)တို့က အလှူရှင်များကိုယ်စား လှူဒါန်းပေးကြပြီး ဗိုလ်မှူးစန်းလွင်က ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဇော်မျိုးဟန် (ငါးသိုင်းချောင်း)က အလှူရှင်များကိုယ်စား လက်ခံယူသည်။

(၁၅၃)



Garage Sale

အိမ်သုံး၊ လူသုံးကုန်၊ အဝတ်အထည်၊
အလှကုန်နှင့်အခြားပစ္စည်းမျိုးစုံရောင်းချဝယ်ယူနိုင်ပါသည်။
၂-၄-၂၀၁၀ရက်မှ ၄-၄-၂၀၁၀ရက်
နံနက် ၉း၀၀နာရီ မှ ညနေ ၅း၀၀နာရီအထိ။
အမှတ် ၂၁၊သစ္စာဥယျာဉ်လုံးချင်းအိမ်ရာ၊ (၈)ရပ်ကွက်
တောင်ဥက္ကလာ၊ ဖုန်း-၅၆၁၃၇၅၊ ၅၆၁၉၉၀။

ကျောင်းထိုင်ဆရာတော်များ၊ ဓမ္မကထိကများ၊
သံဃာ့တက္ကသိုလ်ဝင်စာသင်သားများနှင့်
ဘာသာရေးအသိအမြင်ကြွယ်ဝလိုသူ
လူကြီးလူငယ်များအတွက်

“ဒေသနာမျက်ရှုနှင့် သုတမှတ်စု”

ပထမတွဲ-ဒုတိယတွဲ
အရှင်သုစိတ္တ(အေးမြသာယာ-ဂန္ဓာရုံ)

ဖြန့်ချိရေး - တင်တင်အေးပိဋကတ်စာပေ-ရွှေတိဂုံတောင်ဘက်မုခ်-ရန်ကုန်မြို့
ဖုန်း-၃၈၃၅၁၁-လိုင်းခွဲ-၁၈၇၊ ၀၉-၅၁၆၄၈၅၇
ကောင်းရန့်စာပေ-အေးမြသာယာဂန္ဓာရုံ-အုတ်ဖိုမြို့
ဖုန်း-၀၉-၅၃၇၃၂၁၈။
- ဦးအောင်ဝင်း-ဒေါ်ခင်မာအေးပိဋကတ်စာအုပ်ဆိုင်
အမှတ် ၆၂၊ B ရုံ၊ ပထမထပ်၊ ဈေးချို၊ မန္တလေး။

သင့်တင့်သောဈေးဖြင့်
ရောင်းမည်

မရမ်းကုန်းမြို့နယ်
နေရာကောင်း၊ လမ်းကျယ်၊
ဖုန်းပါ၊ ပါ၀ါမီတာ၊ ရိုးရိုး
မီတာ၊ အဝီစိ၊ ဂျိုးဖြူရေပါ
ဦးရာလူ ရောင်းမည်။
ဖုန်း-၀၉-၅၁၈၄၆၇၇။



မော်တော်ယာဉ်မှတ်ပုံတင်
မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဘအ/၁၃၃၅၂ မော်တော်ဆိုင်ကယ် လက်ဝယ်ရှိသူ ဒေါ်ဝင်းသီတာ၃/လဘန(နိုင်)၀၅၄၅၆၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ (ပြည်နယ်ရုံး)၊ ဘားအံမြို့။



ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့ရေပေးရေးလုပ်ငန်းမှ ဘားမဲတောင်ပေါ်သို့ ဂါလန်တစ်သိန်းဆံ့ရေကန်မှ ရေပေးဝေမှုနှင့် ရေပိုက်များ စနစ်တကျ သွယ်တန်းထားရှိမှုကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ကိုနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ဖလမ်း၌ ဦးဥတ္တမသာရစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ဖလမ်း မတ် ၂၈

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့နယ် လုံပီး၊ လုံရန်း၌ ဦးဥတ္တမသာရစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၃ရက် နံနက် ၁၁နာရီခွဲက အဆိုပါစာကြည့်အဆောက်အအုံသစ် မုခ်ဦးရှေ့၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ဒေသခံလူငယ်အဖွဲ့က စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲ ဂုဏ်ပြု သံစုံတေးသီချင်းသီဆို၍ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း၊ ဖလမ်းခရိုင်အတွင်းရေးမှူး ဦးခင်မောင်နှင့် ဖလမ်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမန်းစိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြည်နယ်ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

(ခရိုင် ပြန်/ဆက်)

ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးစီမံချက်အရ အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို မတ် ၁၁ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေနုတ်မြောင်း တူးဖော်

ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေစီးရေလာကောင်းမွန်ရေးအတွက် အမှတ်(၂)ရပ်ကွက် ဗိုလ်ချုပ်လမ်းဖြတ် ရေနုတ်မြောင်းတူးဖော် ဆောင်ရွက်မှုအခြေအနေကို အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဇော်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ချောင်းဦး၌ စာကြည့်တိုက်ဆောက်လုပ်ပြီးစီးရေးနှင့် စာငှားကတ်စနစ်ကျင့်သုံးရေး ရှင်းလင်းဆွေးနွေး

ချောင်းဦး မတ် ၂၈

စစ်ကိုင်းတိုင်း မုံရွာခရိုင် ချောင်းဦးမြို့နယ် ချောင်းမနားကျေးရွာအုပ်စု ချောင်းမနား(တ)ကျေးရွာ မျိုးမြတ်သိန်းစာကြည့်တိုက်ကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်ဆောက်လုပ်နိုင်ရေးအတွက် မတ်၁၄ ရက် နံနက်၁၁နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးငွေဝင်းဦးဆောင်သောအဖွဲ့သည် နယ်မြေအတွင်း ကွင်းဆင်းဆောင်ရွက်ကြသည်။

ဆွေးနွေး

ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဦးငွေဝင်းက ကျေးရွာစာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့်ကိုက်ညီရေး၊ ရေရှည်တည်တံ့ ခိုင်မြဲရေးအကြောင်း ဆွေးနွေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစောဦးက နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်လျက်ရှိသော မျိုးမြတ်သိန်းစာကြည့်တိုက်အား သတ်မှတ်ရက်အတွင်း အပြီးဆောက်လုပ်ရေးကို လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖိုးချိုက ကျေးလက်နေပြည်သူများ စာအုပ်စာပေဖတ်ရှုရေးနှင့် ငွေကြေးပါသော စာငှားကတ်စနစ်ကျင့်သုံးရေးအကြောင်း ရှင်းလင်းဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

မိုး သတိပြု

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလှ သဘာဝရှုခင်းအဖုံဖုံဖြင့် မွေးထုံသင်းပျံ့နေသော ငွေဆောင်ကမ်းခြေ

သတင်းမှတ်စု-တင်မာဝင်းနှင့် မြကေခိုင်စိုး ➤ သတင်းဓာတ်ပုံ-မြန်မာ့အလင်း ➤ စာမျက်နှာဖွဲ့စည်းမှု-မိုးမိုးအောင်(မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံတွင် သဘာဝအလှအပနှင့် ရှုမျှော်ခင်းတို့ ပေါင်းစုံရာဒေသများစွာ ဖြစ်တည်လျက်ရှိသည်။ လူသားတို့၏ စိတ်နှလုံးကို ဆွဲဆောင်နိုင်သော သဘာဝအလှများနှင့် ပြည့်စုံပြီး ကြည်လင်သန့်စင်သော ပင်လယ်ကမ်းခြေများစွာရှိသည့်အနက် ငွေဆောင်ကမ်းခြေသည်လည်း သာယာကြည်နူးဖွယ်ရာ ထုံသင်းမွေးပျံ့နေသည်။

စာမျက်နှာ ၁၀ ကော်လံ ၄ ●

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ထူးခြားသည့် နေ့အပူချိန်
၂၉-၃-၂၀၁၀
မင်းဘူးမြို့ - ၄၁ ဒီဂရီစင်တီဂရိတ်

မီးမလောင်ခင်သတိယှဉ် ကြိုတင်ကာကွယ်ပါ